# “သားသမီးကိုချစ်တတ်ကြရဲ့လား”

# HOW TO REALLY LOVE YOUR CHILD

## (Dr. Ross Campbell)

## အကြောင်းရင်း

မိဘအားလုံးနီးပါးပင် သားသမီးများကို ပြုစုပျိုးထောင်ရာ၌ ခက်ခဲသောအချိန်များ ရှိတတ်ကြပါသည်။ နေ့စဉ်ဖိစီးမှုများနှင့် တင်းကျပ်မှုများက စိတ်ရှုတ်ထွေးမှု၊ စိတ်အားငယ်မှုတို့ကို ဖြစ်ပေါ်လာကြစေပါသည်။ အိမ်ထောင်ကွာရှင်းပြတ်စဲမှုနှုန်း မြင့်မားလာခြင်း၊ စီးပွားရေး အကျပ်အတည်းများ ကြုံတွေ့ရခြင်း၊ အရည်အသွေးမီသော ပညာရေးနိမ့်ကျလာခြင်းနှင့် ခေါင်းဆောင်မှုအပေါ် ယုံကြည်မှုကင်းမဲ့လာခြင်းတို့က လူတိုင်း၏စိတ်ကို တဖြည်းဖြည်းရိုက်ခတ်လာလေ့ ရှိသည်။ ထိုရိုက်ခတ်မှုများကို လူတိုင်းခံစားနေကြရသည်။ ရုပ်ပိုင်းခံစားမှုပိုင်းနှင့် စိတ်ဓာတ်ပိုင်းဆိုင်ရာ အားအင်ကုန်ခမ်းလာသော မိဘတစ်ဦးအနေဖြင့် ၎င်း၏သားသမီးများကို ပြုစုပျိုးထောင်ရန် အခက်အခဲများကို တိုးတက်မြင့်မားလာကြရသည်။ အဆိုပါ ခက်ခဲသောကလေးများ၏ ရိုက်ခတ်မှုဒဏ်ကို ကလေးတစ်ဦးလည်း ခံစားရမည်ဟု ကျွန်ုပ်ယူဆမိပါသည်။ ကျွန်ုပ်တို့ လူ့အဖွဲ့အစည်းတွင် ကလေးငယ်တစ်ဦးသည် အလိုအပ်ဆုံးပုဂ္ဂိုလ်တစ်ဦးပြီး သူ၏အကြီးမားဆုံးသော လိုအပ်မှုမှာကား ချစ်ခြင်းမေတ္တာပင် ဖြစ်ပါသည်။

မျက်မှောက်ကာလတွင် သားသမီးတစ်ဦးအား မွေးမြူပြုစုပျိုးထောင်ရေးသည် အထူးသဖြင့် ခက်ခဲသည်ကို မိဘအားလုံးငြင်းနိုင်မည်မဟုတ်ပါ။ ကလေးတစ်ဦးဘဝ၏ အချိန်များစွာကို ကျောင်း၊ ဘုရားကျောင်း၊ အိမ်နီးပါးခြင်းများနှင့် ရွယ်တူများကဲ့သို့သော အခြားသူများ၏ ထိန်းချုပ်လွှမ်းမိုးမှုအောက်တွင် ကုန်ဆုံးနေကြရသည်။ အဘယ်ကြောင့်ဆိုသော် သူတို့မည်မျှပင် အလုပ်အကိုင်ကောင်းကောင်းကိုကြိုးစားလုပ်ကြပါစေ ၎င်းတို့၏ သားသမီးများအပေါ်တွင် မပြောပလောက်သော အကျိုးသက်ရောက်မှုသာရှိသည်ဟု မိဘများက ယုံကြည်ယူဆနေကြသောကြောင့် ဖြစ်ပါသည်။

အမှန်တရားမှာ ထိုအယူအဆ၏ ဆန့်ကျင်ဘက်ပင် ဖြစ်ပါသည်။ နေအိမ်သည် ကိစ္စတိုင်းကို လက်ဝါးကြီးအုပ်ချုပ်ကိုင်ထားသည်။ အရာတိုင်းတွင် မိဘများ၏ ထိန်းချုပ်မှုလွန်ကဲနေသည်။ ကလေးငယ်တစ်ဦး မည်သို့ပျော်ရွှင်ခြင်း၊ လုံခြုံစိတ်ချရခြင်း၊ တည်ငြိမ်ခြင်း၊ လူကြီးများ၊ ရွယ်တူများနှင့် အခြားကလေးများနှင့် အဆင်ပြေအောင်နေတတ်ခြင်း၊ ကလေးငယ်တစ်ဦး သူ့ကိုယ်သူနှင့် သူ့စွမ်းရည်တို့အပေါ် ယုံကြည်မှု၊ သူမည်မျှချစ်မြတ်နိုးဖွယ်ကောင်းမှု သို့မဟုတ် အထီးကျန်မှု၊ မရင်းနှီးသော အခြေအနေများအပေါ် မည်သို့တုန့်ပြန်မှု စသည်ကိစ္စရပ်တိုင်းတွင် နေအိမ်ကအပေါ်စီးမှ ထိန်းချုပ်ထားသည်။ နေအိမ်သည် ကလေးတစ်ဦးအတွက် ချုပ်ခြယ်မှုများစွာ ရှိနေလင့်ကစား ကလေးငယ်အပေါ် ကြီးမားသောဩဇာသက်ရောက်မှု ရှိနေပါသည်။

ယင်းသို့ဖြစ်ရခြင်းမှာ မိဘတိုင်းက သားသမီးအပေါ်ထားရှိသော ချစ်ခြင်းမေတ္တာ ကြောင့်ပင်ဖြစ်ပါသည်။ သို့ရာတွင် ထိုချစ်ခြင်းမေတ္တာကို မိဘများက သားသမီးများအား သဘာဝတရားအရ ပေးအပ်ခြင်းဖြစ်သည်ဟု ယူဆကြပါသည်။ ယင်းအယူအဆသည် ယနေ့ကာလတွင် မဟာအမှားကြီးတစ်ခု ဖြစ်နေပါသည်။ မိဘအများစုသည် ၎င်းတို့၏ သားသမီးများအပေါ် နှလုံးသည်းပွတ်ထဲမှလာသောချစ်ခြင်းမေတ္တာကို လွှဲပြောင်းပေးခြင်းမရှိကြပါ။ အကြောင်းမှာ မည်သို့လွှဲပြောင်းပေးရမည်ကို မသိကြ၍ဖြစ်သည်။ အကျိုးဆက်အနေဖြင့် ယနေ့ကာလ ကလေးများက စစ်မှန်သောအကြွင်းမဲ့သော မိဘများ၏မေတ္တာကို မခံစားကြရခြင်းဖြစ်သည်။

အဆိုပါအချက်သည်ပင် ယနေ့ကာလအများစု၏ ပြဿနာဟု ကျွန်ုပ်ယူဆပါသည်။ မိဘများတွင် ကလေးတစ်ဦးအား ချစ်ခြင်းမေတ္တာဖြင့် နှောင်ဖွဲ့သောဆက်ဆံရေး မရှိခဲ့လျှင် အရာအားလုံးကို (စည်းမျဉ်း၊ ရွယ်တူဆက်ဆံရေး၊ ကျောင်းတက်ရေးစသည့်) မခိုင်မာသောအုတ်မြစ်ပေါ်တွင် တည်ဆောက်ခြင်းသာဖြစ်ပြီး ရလဒ်မှာ ပြဿနာများ ကြုံတွေ့ရခြင်းဖြစ်ပါလိမ့်မည်။

## ရေခံမြေခံ

အသိဉာဏ် (ယင်းမှာ အသိ သို့မဟုတ် ကျိုးကြောင်းဆင်ခြင်မှု) ။ ဆက်သွယ်ရေးနှင့် စိတ်လှုပ်ရှားမှု (ယင်းမှာ ခံစားမှု) ။ ဆက်သွယ်ရေးတို့အကြား ခြားနားမှုရှိကြောင်း သတိထားမိလျှင် ကျွန်ုပ်တို့စတင်ဆောင်ရွက်၍ ရနိုင်ပါသည်။ အသိဉာဏ် ဆက်သွယ်ရေးကိုအခြေခံ၍ ဆက်သွယ်သူတစ်ဦးသည် အကြောင်းအရာ အချက်အလက်များကိုသာ အဓိကထား၍ ဖြေရှင်းဆောင်ရွက်တတ်သည်။ ထိုလူမျိုးများသည် အားကစားနည်းများ၊ စတော့ဈေးကွက်၊ ငွေကြေး၊ အိမ်ရာများ၊ အလုပ်အကိုင်စသည့် အကြောင်းအရာများကိုသာ ပြောတတ်ကြပြီး စိတ်ခံစားမှုဆိုင်ရာ အကြောင်းအရာများကို ဘေးဖယ်ထားကြသည်။ ခံစားမှုများကို ဖြစ်ပေါ်စေသည့် အထူးသဖြင့် ဒေါသဖြစ်ခြင်းကဲ့သို့သော စိတ်မချမ်းသာစရာ အခြေအနေများကို ဖြစ်ပေါ်စေသည့် ကိစ္စရပ်များကို ဆောင်ရွက်ရန် လုံးဝစိတ်ထက်သန်မှုမရှိကြပါ။ ၎င်းတို့သည် သူတို့၏ အိမ်ထောင်ဘက်များအပေါ် နွေးထွေးကြင်နာပြီး ပံ့ပိုးပေးရမည်ထက် ပြဿနာပို၍ ဖြစ်တတ်ကြ

သည်။

အချို့လူများကမူ ခံစားမှုအဆင့်ပေါ်တွင်ပို၍ ဆက်သွယ်လေ့ရှိကြသည်။ ထိုလူမျိုးများသည် အကြောင်းအရာ အချက်အလက်များကို အလွယ်တကူ စိတ်ပျက်ငြီးငွေ့တတ်ကြပြီး အထူးသဖြင့် ၎င်းတို့၏ အိမ်ထောင်ဘက်များနှင့် ခံစားချက်များကို ဝေမျှလိုသောဆန္ဒရှိကြသည်။ ၎င်းတို့သည် လင်နှင့်မယားအကြားရှိ ဝန်းကျင်သည် တင်းကျပ်မှု၊ အမျက်ဒေသနှင့် သည်းမခံနိုင်မှုအစရှိသော စိတ်မသက်သာဖွယ် ခံစားမှုများမှ ကင်းဝေးရမည်ဟု ယုံကြည်ကြသည်။ ထို့ကြောင့် လင်နှင့်မယားအကြား စိတ်ခံစားမှုများကို ပြောဆိုဆွေးနွေးကြသည်။ ပြဿနာများကို ဖြေရှင်းကြသည်။ သံသယရနံ့များကို ပယ်ဖျောက်၍ သာယာချမ်းမြေ့အောင် လုပ်ဆောင်လေ့ရှိကြသည်။

စင်စစ် မည်သူမျှ အသိဉာဏ်/ဆင်ခြင်တုံတရားဖြင့် ပြီးပြည့်စုံသူမရှိသကဲ့သို့ စိတ်ခံစားမှုဆိုင်ရာ ပြီးပြည့်စုံသူလည်း မရှိပါ။ အဆိုပါ အစွန်းတရားနှစ်ပါး ကင်းလွတ်၍ အဆင်ပြေအောင်ဆောင်ရွက် နေထိုင်ကြရပါသည်။

## ဖခင်၏ဦးဆောင်မှု

လင်ယောကျ်ားတည်းဟူသော ဖခင်ကမိသားစုတာဝန်ကို ထမ်းဆောင်ခြင်း တာဝန်ယူခြင်းမပြုဘဲ သာယာချမ်းမြေ့သော မိသားစုဟူ၍ ကျွန်ုပ်မတွေ့ဖူးသေးပါ။ ထို့ပြင် ဇနီးမယားတည်းဟူသော မိခင်က သူမ၏အိမ်ထောင် တာဝန်များကို ကျေပွန်သော်လည်း ဖခင်အနေနှင့် အဆိုပါတာဝန်များကို လိုလားစွာပံ့ပိုးကူညီလိုသော ဆန္ဒရှိရပါမည်။ သူမ၏ လင်ယောကျ်ားက သူမအား ပံ့ပိုးကူညီလိုစိတ်မရှိဟု ယူဆသောမိခင်တစ်ဦး၊ မိန်းမသားတစ်ဦးအနေဖြင့် သူမခင်ပွန်းအတွက် ချစ်ခြင်းမေတ္တာကို ဦးဆောင်စွန့်စား ဖွင့်ဟရန် ခက်ခဲသော ကာလများရှိသည်ဆိုခြင်းမှာလည်း မုချမှန်ကန်သော အကြောင်းရင်းတစ်ရပ် ဖြစ်ပါသည်။ လင်ယောကျ်ားက ပံ့ပိုးကူညီလိုစိတ်ဟူသည် မိသားစုဘဝ စိတ်ခံစားမှုစသည့် နယ်ပယ်အားလုံးတွင် ပံ့ပိုးကူညီလိုစိတ်ကို ဆိုလိုသည်။ အလားတူစွာပင် ဖခင်၏မိသားစုတာဝန်ဝတ္တရားများကိုလည်း ဇနီးမယားက ပံ့ပိုးကူညီလိုစိတ် ရှိရပါမည်။

အမျိုးသမီးတစ်ဦးသည် သူမ၏ခင်ပွန်းသည်က မိသားစုတာဝန်များကို လစ်လျူရှုကာ ထမ်းဆောင်ရန်ပျက်ကွက်ခြင်းကြောင့် သူမ၏ မိသားစု၏တာဝန်ကို ယူရမည်ဆိုလျှင် ခင်ပွန်းသည်က သူမအပေါ်ထားသော ချစ်ခြင်းမေတ္တာသည် သူမအတွက် လုံခြုံ၍နှစ်သိမ့်ကျေနပ်ဖွယ် ဖြစ်သည်ဟုယူဆရန် ခဲယဉ်းပါသည်။ ဥပမာ ကျွန်ုပ်ဆွေးနွေးအကြံပေးခဲ့သော အမျိုးသမီးတစ်ဦးက သူမအပေါ် လုံခြုံမှု၊ စိတ်ချရမှုမရှိဟူ၍ ယူဆသောခင်ပွန်းသည်အား သူမ၏ချစ်ခြင်းမေတ္တာကို လိုလားစွာတုန့်ပြန်ရန် ခဲယဉ်းကြောင်း စောဒကတက်ခဲ့ဖူးပါသည်။ ထိုသို့ ခင်ပွန်း၏တာဝန် ပျက်ကွက်မှုကြောင့် အိမ်ခြံဝင်းကိစ္စမှသည် ငွေရေးကြေးရေးကိစ္စအဆုံး အိမ်မှုကိစ္စတာဝန်အားလုံးကို သူမကပင် ပင်ပန်းဆင်းရဲစွာ ထမ်းဆောင်ရပေသည်။ အိမ်မှုတာဝန်များကို လင်ရောမယားပါ ပျော်ရွှင်ချမ်းမြေ့စွာ ထမ်းဆောင်ကြမည်ဟုဆိုကြပါက သို့မဟုတ် လိုအပ်ပါက လင်ယောကျ်ားက အိမ်မှုတာဝန်အားလုံးကို ထမ်းဆောင်သည့်တိုင် ဇနီးသည်တွင် တာဝန်ကြီးလေးနေသည်များကို မျှဝေထမ်းဆောင်လိုစိတ်ရှိပါက ပို၍အဆင်ပြေကိုက်ညီသော သဘောတူညီချက် ဖြစ်လာပေလိမ့်မည်။ မိသားစုအတွက် လုံးဝဥဿုံ ဖြေရှင်းပေးလိုသော လင်ယောကျ်ားတစ်ဦး၏ "ပြင်းပြသောဆန္ဒ" သည် ဇနီးသည်နှင့် သားသမီးများ ရရှိနိုင်သော ကြီးမြတ်သည့်ပိုင်ဆိုင်ပစ္စည်း တစ်ရပ်ဖြစ်ပေသည်။

* အရုပ်ကလေးတွေကို ကောင်းအောင်ပြင်ပေးတတ်တဲ့ အဖေ
သားတို့ကို ခေါင်းဆောင်မှုပေးတဲ့ အဖေ။
* သောကမရောက်အောင် ပြုစုပေးတာလည်း အဖေ
ရောဂါပျောက်အောင် ကုပေးတာလည်း အဖေ။
* ချောင်းဆိုးတွေပျောက်စေတာလည်း အဖေ
မကောင်းကျိုးတွေ မရောက်စေတာလည်း အဖေ။
* လိုက်ကာလေးတွေ ချိတ်ဆွဲပေးတဲ့ အဖေ
ဝေ့ကာဝိုက်ကာ အကြံလည်းပေးတတ်တဲ့ အဖေ။
* ယိုင်နဲ့ပတာကို သံရိုက်ပြီး တည့်မတ်တတ်တဲ့ အဖေ
မိုက်မဲတာကို ပုံပြောပြီး ဆွဲဆောင်တတ်တဲ့ အဖေ။
* ညစ်ပေနေတာတွေကို သန့်ရှင်းဆေးကြောပေးတဲ့ အဖေ
လစ်ဟာတဲ့ဆန္ဒတွေကို ဖန်ဆင်းဖြည့်ဆည်းပေးတဲ့ အဖေ။
* ထိုအဖေ ဤအဖေကို ကောင်းချီးတွေဝေနေအောင်ပေးပါ အဘ ဘုရားသခင်။ ။

( Jo Ann Heidbreder)

လင်ယောကျ်ား၏ ရှေ့ဆောင်နိုင်စွမ်းရှိသော ချစ်ခြင်းမေတ္တာကို လက်ခံရရှိသော ဇနီးသည်တစ်ဦးသည် အဆိုပါ ချစ်ခြင်းမေတ္တာကိုအဆများစွာပွားကာ လင်ယောကျ်ားနှင့် သားသမီးများအပေါ်တွင် ဖြန့်ကျက်ကာ နေအိမ်ကိုလည်း ဖေါ်မပြနိုင်လောက်သော ကျက်သရေဖြင့် တင့်တယ်အောင် ဖြည့်ဆည်းပေးနိုင်ပေသည်။ ဇနီးသည်က လင်ယောကျ်ားအပေါ် တုန့်ပြန်သောချစ်ခြင်းမေတ္တာသည်ကား အဖိုး

မဖြတ်နိုင်သည့်အပြင် လောကကြီး၏ တန်ဖိုးအရှိဆုံး ကုန်ပစ္စည်းအဖြစ် ကျွန်ုပ်ယူဆပါသည်။ ချစ်ခြင်းမေတ္တာကို ဦးစွာရှေ့ဆောင်ရန် ခက်ခဲသော်လည်း ဇနီးသည်၏ တုန့်ပြန်သောချစ်ခြင်းမေတ္တာကို တွေ့ကြုံခံစားရသော လင်ယောကျ်ားသည် ထိုချစ်ခြင်းမေတ္တာကို အဆများစွာပွားများနိုင်ပြီး ထိုချစ်ခြင်းမေတ္တာသည် အချိန်နှင့်အမျှ တိုးပွားလာကာ ထိုသို့တိုးပွားလာအောင် လုပ်ဆောင်ရန်ပို၍ပို၍ လွယ်ကူလာကြောင်းသိမြင်လာနိုင်ပေသည်။

ကျွန်ုပ်တို့နှင့် ကျွန်ုပ်တို့သားသမီးများတွင်ရှိနေသော ချစ်ခြင်းမေတ္တာ၊ စောင့်ရှောက်မှုနှင့် စိတ်ခံစားမှုများ ခွဲခြားသတ်မှတ်ရေးတွင် ကျွန်ုပ်တို့၏ ဇနီးများသည် ပို၍ကျွမ်းကျင်ကြပါသည်။ ကျွန်ုပ်တို့အနေဖြင့်လည်း ကျွမ်းကျင်သူများ၏ လမ်းညွှန်မှုကိုလိုက်နာရမည်မဟုတ်ပါလား။ ခံစားမှုလောကတွင်လည်း ကျွန်ုပ်တို့အား ဦးဆောင်မှုပြုရန် ဇနီးသည်များ၏ အကူအညီလုံးဝ လိုအပ်နေပေသည်။

စိတ်လှုပ်ရှားခံစားမှု နယ်ပယ်တွင် လင်ယောကျ်ားများဖြစ်သော ကျွန်ုပ်တို့သည် ဇနီးသည်များအား လေးစားမြတ်နိုးပြီး သူတို့၏ ဦးဆောင်မှုကို ရယူသင့်ရုံမျှမက နေအိမ်တွင် စိတ်ချမ်းမြေ့ဖွယ်ဝန်းကျင် ထူထောင်ရေးအတွက် သူမ၏နေ့စဉ်လုပ်ငန်း တာဝန်များတွင်လည်း ကျွန်ုပ်တို့က အားပေးကူညီရပါမည်။ ကျွန်ုပ်တို့က သူမအား နှောင့်ယှက်ဟန့်တားလျှင် သို့မဟုတ် သူမကို ဆန့်ကျင်လျှင် ကျွန်ုပ်တို့က သူမကိုစိတ်ပျက်လက်လျှော့အောင် နောက်ဆုံးတွင် စိတ်ခါတ်ပြိုကွဲအောင် ပြုလုပ်နေခြင်း ဖြစ်ပေလိမ့်မည်။

ချစ်ခြင်းမေတ္တာအားလုံး၏ အုတ်မြစ်ကို "အကြွင်းမဲ့သော ချစ်ခြင်းမေတ္တာ" ဟုခေါ်ဆိုနိုင်ပါသည်။ ချစ်ခြင်းမေတ္တာသည် ဇနီးသည်၊ ခင်ပွန်းသည်၏ ဆောင်ရွက်မှု၊ အသက်အရွယ်၊ ကိုယ်အလေးချိန်၊ အမှားအယွင်းများ စသည်တို့အပေါ်တွင် မူတည်ခြင်းမရှိပါ။ ဤသို့သော် ချစ်ခြင်းမေတ္တာမျိုးကား "ကျွန်ုပ်၏ဇနီးသည် ဘာပဲဖြစ်နေနေ ကျွန်ုပ်ချစ်တယ်။ သူမဘာပဲလုပ်လုပ် ဘယ်လိုပဲမြင်မြင် ဘယ်လိုပဲပြောပြော အကြောင်းမဟုတ်ပါဘူး။ ကျွန်ုပ်သူ့ကို ထာဝရချစ်နေမှာပါ" ဟူ၍ပြောပြတတ်သည်။ မှန်ပါသည်။ အကြွင်းမဲ့ချစ်ခြင်းမေတ္တာသည် စံပြချစ်ခြင်းမေတ္တာမျိုးဖြစ်ပြီး၊ ပြီးပြည့်စုံအောင် ကြိုးပမ်းအားထုတ်ရန် မဖြစ်နိုင်သော်လည်း အဆိုပါ ချစ်ခြင်းမေတ္တာမျိုးနှင့် နီးကပ်အောင်ကြိုးစားလေ ကျွန်ုပ်တို့အား ချစ်မြတ်နိုးသော ဘုရားသခင်၏ စီရင်မှုကြောင့် ဇနီးသည်က ကျွန်ုပ်တို့အား ပြီးပြည့်စုံအောင်ဖြည့်ဆည်းပေးလေ ဖြစ်ပါသည်။

ကလေးငယ်တစ်ဦး၏ ဘဝကိုစူးစမ်းလေ့လာကြည့်ပါက မိသားစုတစ်စုတွင် အိမ်ထောင်သားမွေး ပြုခြင်းတည်းဟူသော ဆက်ဆံရေးသည် အရေးကြီးဆုံး စည်းနှောင်မှုဖြစ်သည်မှာ မေးရန်လိုအပ်မည်မဟုတ်ပါ။ ယင်းသည် ကလေးတစ်ဦး၏ ဘဝတစ်လျှောက်လုံးအပေါ် သြဇာကြီးမားစွာ သက်ရောက်ပါသည်။

## အခြေခံအုတ်မြစ်

အချစ်စစ် အချစ်မှန်ဟူသည် အကြွင်းမဲ့သော ခြွင်းချက်မရှိသော ချစ်ခြင်းမေတ္တာဖြစ်သည်။ ကျွန်ုပ်တို့၏ သားသမီးများနှင့် ခိုင်မာသော ဆက်ဆံရေးအုတ်မြစ် တည်ဆောက်ခြင်းသည် ခြွင်းချက်မရှိသော ချစ်ခြင်းမေတ္တာပင်ဖြစ်သည်။ ထိုသို့သော ချစ်ခြင်းမေတ္တာနှင့်ဆက်ဆံရေးမျိုးသည်သာ ကလေးတစ်ဦး၏ စွမ်းရည်ပြည့် ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေနိုင်သည်။

ခြွင်းချက်မရှိသော ချစ်ခြင်းမေတ္တာဟူသည် အဘယ်နည်း။ သားသမီးတစ်ဦးအား မည်သို့ပင်ဖြစ်စေ မည်သည့်အခြေအနေပင်ရောက်ပါစေ ချစ်မြတ်နိုးခြင်းပင် ဖြစ်သည်။ ထိုသားသမီးသည် မည်သည့်ပုံပင်ပေါ်ပါစေ မည်သည့်အရည်အချင်းမျိုးပင် ပိုင်ဆိုင်ပါစေ မည်သို့ပင် ကိုယ်အင်္ဂါချို့ယွင်းပါစေ သူ့အားမည်သို့ဖြစ်လာရန် ကျွန်ုပ်တို့ မျှော်မှန်းထားပါစေ အဆိုးဆုံးအဖြစ် သူမည်သို့ပင် ပြုမူပါစေ ထိုကလေးငယ်ကို သူ၏အပြုအမူတိုင်းအတွက် ကျွန်ုပ်တို့ သဘောကျနှစ်ခြိုက်သည်ဟု မဆိုလိုပါ။ တစ်ခါတစ်ရံ သူ၏အပြုအမူကို ကျွန်ုပ်တို့ ရွံရှာမုန်းတီးလင့်ကစား သူ့အပေါ် ချစ်ခြင်းမေတ္တာ ပျက်ပြယ်မသွားခြင်းသည် ခြွင်းချက်မရှိသော ချစ်ခြင်းမေတ္တာပင် ဖြစ်ပါသည်။

"ကျွန်ုပ်တို့ သားသမီးများအား သူတို့၏ အပြုအမူမည်သို့ပင် ဖြစ်ပါစေ သူတို့အားအမြဲတန်း ချစ်မြတ်နိုးနေသည်" ဟု ကျွန်ုပ်မည်သို့ ပြောနိုင်မည်နည်း။ မိဘအားလုံးကဲ့သို့ပင် ကျွန်ုပ်လည်း ဤသို့မပြောနိုင်ပါ။ သို့တိုင်အောင် သူတို့အား ခြွင်းချက်မဲ့ချစ်ခြင်းမေတ္တာမျိုး ပေးဆပ်နိုင်သည့်တိုင် ကျွန်ုပ်ကိုယ်တိုင် ကြိုးပမ်းအားထုတ်နေသည်ဟု ကိုယ့်ကိုယ်ကို အထင်ကြီးမိပါသည်။ ဤသို့ကြိုးသားရာတွင် အောက်ပါအချက်တို့နှင့် ပတ်သက်၍ မိမိကိုယ်မိမိ အမြဲမပြတ် သတိပေးနေပါသည်။

၁။ သူတို့သည် ကလေးများဖြစ်ကြသည်။

၂။ သူတို့သည် ကလေးများကဲ့သို့ပင် ပြုမူရန်အားသန်ကြသည်။

၃။ ကလေးများ၏ အပြုအမူတော်တော်များများသည် စိတ်မကျေနပ်ဖွယ်ဖြစ်သည်။

၄။ သူတို့ကလေးဆန်သော အပြုအမူရှိလင့်ကစား ကျွန်ုပ်သည်မိဘတစ်ဦးအနေဖြင့် ကိုယ့်တာဝန်ကိုယ်ကျေလျှင် သူတို့ကိုချစ်မြတ်နိုးလျှင် သူတို့သည် ရင့်ကျက်နိုင်စွမ်း ရှိလာကြမည်ဖြစ်ပြီး ကလေးဆန်သော နည်းလမ်းများကို စွန့်လွှတ်ကြလိမ့်မည်။

၅။ သူတို့က ကျွန်ုပ်အပေါ် ကျေနပ်အောင်ပြုမူမှသာ သူတို့ကို ကျွန်ုပ်ချစ်မြတ်နိုးလျှင် (ခြွင်းချက်ရှိသော ချစ်ခြင်းမေတ္တာ) ကျွန်ုပ်၏ချစ်ခြင်းမေတ္တာကို သူတို့အားပေးဝေလျှင် သူတို့အနေဖြင့် တကယ်ချစ်မြတ်နိုးခံရသည်ဟု ယူဆမည်မဟုတ်ပါ။ ထိုအကျိုးဆက်ကား သူတို့အား လုံခြုံမှုမရှိခြင်း၊ ကောင်းမွန်သော မိမိကိုယ်မိမိ ထိန်းချုပ်ခြင်းနှင့် ပိုမိုရင့်ကျက်စေခြင်းတို့မှ ကာကွယ်ဟန့်တားခြင်းပင် ဖြစ်ပေ

သည်။ ထို့ကြောင့် သူတို့၏အပြုအမူနှင့် အပြုအမူတိုးတက်မှုသည် သူတို့၏တာဝန်ထက် ကျွန်ုပ်၏တာဝန်သာ ဖြစ်ပေသည်။

၆။ ကျွန်ုပ်က သူတို့အား ခြွင်းချက်မဲ့ချစ်ခြင်းမေတ္တာထားလျှင် သူတို့တွင် မွန်မြတ်သောစိတ်ဓါတ်များ ကိန်းဝပ်ပြီး သူတို့ကိုယ်သူတို့ကျေနပ်နှစ်သက်ပေလိမ့်မည်။ သူတို့၏ ပူပင်သောကများကို ထိန်းချုပ်နိုင်သဖြင့် သူတို့ကြီးပြင်းလာသည်နှင့်အမျှ ကောင်းသောအပြုအမူများလည်း တိုးတက်လာပေလိမ့်မည်။

၇။ ကျွန်ုပ်၏ လိုအပ်ချက်များနှင့်ကိုက်ညီမှ သို့မဟုတ် ကျွန်ုပ်မျှော်မှန်းသည့်အတိုင်း ဖြစ်လာမှသာ သူတို့အပေါ် ကျွန်ုပ်က ချစ်မြတ်နိုးလျှင် သူတို့ကိုယ်သူတို့ ပြည့်စုံမှုမရှိသူများ၊ စွမ်းဆောင်ရည်မရှိသူများအဖြစ် ယူဆကြပေလိမ့်မည်။ သူတို့အကောင်းဆုံးကြိုးစားအားထုတ်သော်လည်း အရာမထင်သဖြင့် ကြိုးပမ်းအားထုတ်ခြင်းကို အချည်းအနှီးဟု ယူဆလာကြမည်။ ဘေးကင်းလုံခြုံမှုမရှိခြင်း၊ သောကများခြင်း၊ မိမိကိုယ်မိမိ အထင်ကြီးလေးစားမှုနည်းခြင်းတို့ ကူးစက်ပြန့်ပွားလာကြမည်။ သူတို့၏ စိတ်ခံစားမှုနှင့် အပြုအမူဆိုင်ရာ တိုးတက်မှုများ နှောင့်နှေးကြန့်ကြာတတ်ပါသည်။ ထို့ကြောင့် သူတို့၏ ပြီးပြည့်စုံအောင် ကြီးပြင်းမှုသည် ကျွန်ုပ်၏တာဝန်ဖြစ်သကဲ့သို့ သူတို့၏တာဝန်လည်း ဖြစ်ပါသည်။

၈။ လှုပ်ရှားရုန်းကန်နေရသော မိဘတစ်ဦးဖြစ်သော ကျွန်ုပ်၏အကျိုးနှင့် ကျွန်ုပ်၏သားသမီးများ အကျိုးအတွက် သူတို့အပေါ် ခြွင်းချက်မရှိသော ချစ်ခြင်းမေတ္တာ မျှဝေပေးနိုင်ရန် ဆုတောင်းလေ့ရှိပါသည်။ ကျွန်ုပ်၏ သားသမီးများ၏ အနာဂတ်သည် အဆိုပါအခြေအုတ်မြစ်ပေါ်တွင် တည်မှီနေပါသည်။

## ချစ်ခြင်းမေတ္တာကိုသားသမီးများ၏ရောင်ပြန်ဟပ်မှု

ကလေးများကို ကြည့်မှန်များ/ ကြေးမုံပြင်များအဖြစ် ယူဆနိုင်ပါသည်။ သူတို့အား ချစ်ခြင်းမေတ္တာပေးလျှင် သူတို့ထံမှချစ်ခြင်းမေတ္တာကို ပြန်၍ရရှိပါသည်။ ဘာမှမပေးလျှင် ဘာမှပြန်မရပါ။ ခြွင်းချက်မဲ့သော ချစ်ခြင်းမေတ္တာသည် အနှိုင်းဆမဲ့စွာ ရောင်ပြန်ဟပ်ပြီး ခြွင်းချက်ရှိသော ချစ်ခြင်းမေတ္တာသည်လည်း ခြွင်းချက်ရှိသော ပမာဏအတိုင်းသာ ရောင်ပြန်ဟပ်ပါသည်။

တွမ် (Tom) နှင့် သူ၏မိဘများအကြားရှိ ချစ်ခြင်းမေတ္တာသည် ခြွင်းချက်မရှိသော ချစ်ခြင်းမေတ္တာ နမူနာတစ်ခုပင်ဖြစ်သည်။ တွမ်ကြီးပြင်းလာသည်နှင့်အမျှ သူ၏မိဘများနှင့် နီးကပ်နွေးထွေးသော ဆက်ဆံရေးကို လေ့လာသင်ယူခဲ့သည်။ သူ့မိဘများက တွမ်က မိဘများအတွက် ဂုဏ်ယူဖွယ်ကိစ္စတစ်ခု ကြိုးစားအောင်မြင်သည့်အခါ ယင်းထူးခြားသည့် အပြုအမူမှလွဲ၍ ကျန်အချိန်များတွင် ချီးမွမ်းခြင်း၊ နွေးထွေးသော ချစ်ခြင်းမေတ္တာပြသခြင်းတို့ မပြုခဲ့ပေ။ ထို့ပြင် မိဘများက စည်းကမ်းတင်းကျပ်ကြသည်။ သားသမီးအပေါ်ချစ်မြတ်နိုးလွန်းခြင်း၊ သဘောတူလက်ခံလွန်းခြင်းပြုလျှင် သားသမီးပျက်စီးမည်ဟု ယူဆကြပြီး ဤယူဆချက်ကပင် သားကလေး၏ ပိုမိုသာလွန်ကောင်းမွန်အောင် ကြိုးပမ်းအားထုတ်လိုစိတ်ကို လျှော့ပါးစေပါသည်။ တွမ်က ကျွမ်းကျင်ပြီးမြောက်မှုရှိမှသာ သူတို့၏ ချစ်ခြင်းမေတ္တာကိုပေးပြီး ကျန်အချိန်တွင် ထိန်းသိမ်းချုပ်တည်းထားကြသည်။ ထိုကိစ္စသည် တွမ်ငယ်စဉ်တွင်တုန်းကမူ အကျိုးသက်ရောက်ခဲ့ပါသည်။ သို့ရာတွင် ကြီးပြင်းလာသောအခါ မိဘများက သူ့အားအမှန်တကယ် ချစ်ခင်ခြင်း၊ လက်ခံအသိအမှတ်ပြုခြင်းမရှိ၊ သူတို့၏အထင်ကြီးမှုအတွက်သာ တန်ဖိုးထားခြင်းဖြစ်သည်ဟု ခံစားမိလာခဲ့သည်။

တွမ် ဆယ်ကျော်သက်အရွယ် ရောက်လာသောအခါ သူ၏မိဘများအပေါ်ထားရှိသော မေတ္တာသည်လည်း မိဘများက သူ့အပေါ်ထားရှိသော မေတ္တာအတိုင်းပင် တူညီစွာရောက်ပြန်ဟပ်ခဲ့သည်။ ခြွင်းချက်မရှိသော ချစ်ခြင်းမေတ္တာထားရှိရေးကို တွမ်သိရှိလာခဲ့သည်။ သူ့မိဘများက သူ့အတွက် ကျေနပ်နှစ်သက်ဖွယ် တစ်ခုခုပြုလုပ်ပေးတိုင်း တွမ်ကလည်း မိဘများ ကျေနပ်နှစ်သက်အောင် တုန့်ပြန်ပြုမူလေ့ရှိသည်။ တကယ်တော့ တွမ်ရော သူ၏မိဘများသည် တစ်ဦးဦးက ကျေနပ်နှစ်သက်အောင် ဆောင်ရွက်မှသာ ချစ်ခြင်းမေတ္တာကိုပြသရန်စောင့်ဆိုင်းသည့် ကစားနည်းကို ကစားနေကြခြင်းဖြစ်သည်။ ဤသို့သော အခြေအနေတွင် သူတို့နှစ်ဦးနှစ်ဘက်တွင် တစ်ဦးဦးသည်ပို၍ စိတ်ရှုတ်ထွေးခြင်း၊ စိတ်ပျက်ခြင်း၊ တွေဝေခြင်းတို့ ဖြစ်လာတတ်ပါသည်။ နောက်ဆုံးတွင် မိဘများက နည်းလမ်းရှာဖွေရသည်အထိ စိတ်ဓါတ်ကျခြင်း၊ ဒေါသဖြစ်ခြင်းနှင့် မခံမရပ်နိုင်ဖြစ်ခြင်းတို့ကို ကြုံတွေ့လာကြရပါသည်။

ထိုအခြေအနေကို သင်မည်သို့ကိုင်တွယ် ဖြေရှင်းမည်နည်း။ အချို့က မိဘများအား သူတို့၏မိဘအခွင့်အရေးအဖြစ် တောင်းဆိုရန်အကြံပြုပါလိမ့်မည်။ မိဘကိုနာခံစေရန်၊ အလေးအမြတ်ထားစေရန် လုပ်ဆောင်ဖို့ပြောကြပါလိမ့်မည်။ အချို့ကလည်း မိဘများအပေါ်ထားရှိသော သဘောထားအတွက် တွမ်ကိုပြစ်တင်ဝေဖန်ကြပြီး မိဘများအား လေးစားမြတ်နိုးရန် တိုက်တွန်းကြပါလိမ့်မည်။ အချို့ကလည်းတွမ်ကို ပြင်းထန်စွာအပြစ်ပေးရန် တောင်းဆိုကြပါလိမ့်မည်။ ထိုအခြေအနေကို စဉ်းစားကြည့်ပါဦး။

သူတို့ကိုယ်သူတို့ထက် သားသမီးကိုပိုပြီး မချစ်သောအဖ သို့မဟုတ် အမေကို ကျွန်ုပ်မတွေ့ဖူးပါ။ ယင်းသည်ပင် သူတို့အား ဖခင်စစ်၊ မိခင်စစ်မေတ္တာကို ပြသခြင်းဖြစ်ပြီး သူတို့သည် သားသမီးများအတွက် ခံစားလိုသော အနစ်နာခံစွန့်လွှတ်လိုသော ဆန္ဒကြီးမားသူများဖြစ်ကြပါသည်။

# ချစ်ခြင်းမေတ္တာကိုမည်သို့ပေးမည်နည်း

ဤစာအုပ်က မိဘများအနေဖြင့် ၎င်းတို့၏ ချစ်ခြင်းမေတ္တာစိတ်ကို မည်သို့လက်တွေ့ ပြသမည်နည်းဟူသည်ကို စီစစ်ရန်ရည်ရွယ်ပါသည်။ ဤနည်းဖြင့် သားသမီးများအပေါ် ချစ်ခြင်းမေတ္တာကို ပေးဆပ်ပါက သားသမီးများအနေဖြင့် ချစ်ခြင်းမေတ္တာကို အမှန်တကယ် လက်ခံရရှိသည်ဟု လုံးဝခံစားသိရှိရပြီး သူတို့ကိုယ်သူတို့ တန်ဖိုးထားတတ် ချစ်တတ်လာပါလိမ့်မည်။

သားသမီးတစ်ဦးအပေါ် ချစ်ခြင်းမေတ္တာပေးဝေခြင်း၊ ချစ်ခြင်းမေတ္တာထားကြောင်း သိရှိစေခြင်းတွင် ကဏ္ဍလေးခုခွဲခြားသတ်မှတ်နိုင်ပါသည်။ မျက်လုံးချင်း ဆက်သွယ်မှု၊ ကိုယ်ခန္ဓာ ဆက်သွယ်မှု၊ အလေးပေးမှုနှင့် စည်းကမ်းသတ်မှတ်မှုတို့ ဖြစ်ပါသည်။ ကျန်ကဏ္ဍများထက် မျက်မှောက်ကာလတွင် အလေးပေးမှု လွန်ကဲနေသောဧရိယာမှာ စည်းကမ်းသတ်မှတ်ခြင်း ဖြစ်ပါသည်။ အလွန်စည်းကမ်းကျနသော ခရစ်ယာန်မိဘများ၏ သားသမီးများက သူတို့ကိုယ်သူတို့ မိဘများက ချစ်မြတ်နိုးခြင်း မရှိကြဟု ယူဆကြသည်ကိုတွေ့ဖူးပါသည်။ ဤကိစ္စမျိုးများတွင် မိဘများအနေဖြင့် စည်းကမ်းနှင့်အပြစ်ပေးမှုကို ကွဲပြားမှုမရှိဘဲ ရှုတ်ထွေးနေကြသည်ကို တွေ့ရှိရပါသည်။

သားသမီးမွေးမြူပြုစုရေးတွင် ဤကဲ့သို့သော ချဉ်းကပ်နည်းမျိုး၏ရလဒ်များကို ကျွန်ုပ်နေ့စဉ်တွေ့နေရပါသည်။ အဆိုပါကလေးမျိုးများသည် ငယ်စဉ်အခါက ကောင်းစွာပြုမူလေ့ရှိပြီး လွန်လွန်းစွာအေးဆေးလေ့ရှိကြသော်လည်း စိတ်မကြည်လင်ဘဲ သုန်မှုန်ကာလက်လျှော့တတ်လေ့ ရှိကြသည်။ ၎င်းတို့သည် အလိုအလျောက် တုန့်ပြန်မှု၊ စူးစမ်းမှုနှင့်ချစ်ခြင်းမေတ္တာဖြင့် ပြုစုပျိုးထောင်သောကလေးကဲ့သို့ အားမာန်ပြည့်ဝမှုများ မရှိကြပေ။ ထိုကလေးများသည် လူကြီးဘဝသို့ ချဉ်းကပ်ဝင်ရောက်လာသည်နှင့်အမျှ အပြုအမူပြဿနာများ ဖြစ်ပေါ်လာလေ့ရှိကြသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် မိဘများနှင့် ခိုင်မာသော စိတ်ပိုင်းဆိုင်ရာ နှောင်တွဲမှုသံယောဇဉ်မရှိကြသောကြောင့် ဖြစ်ပါသည်။

# မျက်လုံးချင်းဆက်သွယ်မှု

မျက်လုံးချင်း ဆက်သွယ်မှုဟူသည်ကား အဘယ်နည်း။ မျက်လုံးချင်း ဆက်သွယ်မှုဟူသည် အခြားပုဂ္ဂိုလ်တစ်ဦး၏ မျက်လုံးများထဲသို့ တိုက်ရိုက်ကြည့်ခြင်းပင်ဖြစ်သည်။

ကလေးများအား မျက်လုံးထဲသို့ တိုက်ရိုက်ကြည့်လျှင် အာရုံအစူးစိုက်ဆုံးဖြစ်ကြောင်း တွေ့ရှိရသည်။ ညွှန်ကြားချက်ပေးခြင်းသို့မဟုတ် ပြင်းထန်စွာပြစ်တင်ခြင်းနှင့် ဝေဖန်ပြောဆိုခြင်းတို့တွင် ကျွန်ုပ်တို့ ထိုသို့ကြည့်လေ့ရှိကြသည်။ ယင်းသည် အန္တရာယ်ရှိသောအမှားဖြစ်သည်။

မိဘတစ်ဦးက သူ၏လက်မခံမှုကို ပြင်းထန်စွာ ပြစ်တင်ဝေဖန်သောနည်းဖြစ်သည့် ဤနည်းမျိုး ဤအကြောင်းမျိုးဖြင့် ထိန်းချုပ်သောအခါ ကလေးငယ်က သူ့မိဘ၏ ပြင်းထန်စွာပြစ်တင်ဝေဖန်သေ ဆန့်ကျင်ဘက်နည်းကို သိမြင်ခြင်းမရှိနိုင်ပေ။

ထို့ပြင် ပို၍ဆိုးသည်မှာကား မျက်လုံးချင်းမဆိုင်ဘဲ လွှဲဖယ်ခြင်းအားဖြင့် အပြစ်ပေးသည့် သဘောပြုလုပ်ခြင်းပင် ဖြစ်သည်။ ယင်းနည်းက ရက်စက်ကြမ်းကြုတ်ပြီး ကျွန်ုပ်တို့ဇနီးများအပေါ်တွင် ပြုမူလေ့ရှိသည်။ ကလေးငယ်နှင့် မျက်လုံးချင်းမဆုံရန် တမင်ကြံရွယ်ပြုမူခြင်းသည် ကြိမ်လုံးဖြင့် ရိုက်နှက်အပြစ်ပေးခြင်းထက် ကလေးငယ်တစ်ဦးအား ပိုမိုထိခိုက်ခံစားရစေနိုင်သည်။ ကလေးငယ်အားပျက်စီးခြင်းသို့ ရောက်စေနိုင်သည်။

ကျွန်ုပ်တို့၏ သားသမီးများအပေါ် ချစ်ခြင်းမေတ္တာကို ပြသနည်းသည် ကျွန်ုပ်တို့၏ စိတ်ကျေနပ်မှု စိတ်မကျေနပ်မှုများဖြင့် ထိန်းချုပ်ထားခြင်း မပြုသင့်ပေ။ အခြေအနေ မည်သို့ပင်ဖြစ်နေပါစေ။ ကျွန်ုပ်တို့၏ ချစ်ခြင်းမေတ္တာကို ထာဝစဉ်ပြသကြရမည်။ လွဲမှားသောအပြုအမူများကို အခြားနည်းများဖြင့်လည်း ဂရုပြုနိုင်ပါသည်။ သတိပြုထိန်းချုပ်နိုင်သည်။

ဒုတိယကမ္ဘာစစ်အတွင်းက နာဇီများသည် လန်ဒန်ကိုလျှပ်တစ်ပျက် တိုက်ခိုက်ကြသဖြင့် ကလေးငယ်လေးများ၏ ဘေးကင်းလုံခြုံရေးအတွက် ၎င်းတို့ကို မြို့ကြီးများမှ ကျေးလက်ဒေသများသို့ ပြောင်းရွှေ့ထားကြရသည်။ သူတို့၏ မိဘများကမူ လန်ဒန်တွင်ပင်ကျန်ရစ်ခဲ့ကြသည်။ ထိုကလေးငယ်များသည် ရုပ်ပိုင်းဆိုင်ရာအားဖြင့် သန့်ရှင်းသပ်ရပ်စွာ ထွားပြီး၊ ဝလင်စွာပြုစု ကျွေးမွေးခံကြရပြီသင်တောင့်သက်သာ ရှိကြပါသည်။ သို့ရာတွင် သူတို့သည် စိတ်ခံစားမှုအားဖြင့် ပြင်းထန်စွာထိခိုက်ခံစားကြရပါသည်။ အကြောင်းမူပြုစုစောင့်ရှောက်သူများက သူတို့အား မျက်လုံးချင်းဆက်သွယ်မှုနှင့် ကိုယ်ခန္ဓာထိတွေက ဆက်သွယ်မှုလုံလောက်စွာ မပြုကြသောကြောင့်ဖြစ်သည်။

အဆိုပါ ကလေးငယ်အများစုသည် စိတ်ပိုင်းဆိုင်ရာ အခက်အခဲရှိသူများနှင့် စိတ်ခံစားမှု ချို့ယွင်းသူများ ဖြစ်လာကြသည်။ သူတို့၏ မိခင်များနှင့် ခွဲခွာထားခြင်းကား ပို၍ဆိုးရွားစေသည်။ စိတ်လှုပ်ရှားခံစားမှု ပျက်စီးခြင်းသည် ရုပ်ပိုင်းဆိုင်ရာ ပျက်စီးမှုထက်အလွန်ပင် အန္တရာယ်ကြီးမားလှပါသည်။

## ကိုယ်ခန္ဓာအန္တရာယ်

ကျွန်ုပ်တို့၏ ချစ်ခြင်းမေတ္တာကို သားသမီးများသိရှိစေသော ထင်ရှားသည့်နည်းမှာ ကိုယ်ခန္ဓာဆက်သွယ်မှုပင် ဖြစ်သည်။ မိဘအများစုသည် ၎င်းတို့၏ သားသမီးများအား အဝတ်အစားဝတ်ပေးခြင်း၊ အဝတ်အစားချွတ်ပေးခြင်း၊ ကားပေါ်သို့တင်ပေးခြင်း စသည့် မလုပ်မဖြစ် လိုအပ်သော တောင်းဆိုမှုများအတိုင်းသာ ကိုယ်ခန္ဓာ ထိတွေ့ဆက်သွယ်မှု ပြုကြသည်ကို အံ့သြဖွယ်လေ့လာတွေ့ရှိကြရပါသည်။ တစ်နည်းအားဖြင့် ထိုသို့ကိုယ်ခန္ဓာထိတွေ့ ဆက်သွယ်မှုပြုခြင်း၏ အကျိုးကျေးဇူးကို သိရှိဆက်သွယ်သော မိဘများကားနည်းပါးလှပါသည်။ ထိုမိဘများသည် သားသမီးများ ခြွင်းချက်မရှိသော ချစ်ခြင်းမေတ္တာကို ကြီးပမ်းအားထုတ်ရခြင်း မရှိသောကိုယ်ခန္ဓာဆက်သွယ်မှုနည်းဖြင့် သိရှိစေသည်။

ပွေ့ဖက်ခြင်း၊ နမ်းရှုတ်ခြင်းနှင့် အလားတူထိတွေ့ ဆက်သွယ်ခြင်းများကိုသာ မဆိုလိုပါ။ မည်သို့သော ကိုယ်ခန္ဓာဆက်သွယ်နည်းမျိုးကိုမဆို ရည်ညွှန်းပါသည်။ ကလေးငယ်၏ ပခုံးကိုထိတွေ့ခြင်း၊ နံဘေးကိုတို့ထိခြင်း၊ ဆံပင်ကလေးကို သပ်ပေးခြင်းစသည် အသေးအဖွဲကိစ္စလေးများကို မေ့လျော့နေကြသည်။ ကလေးများ၏ စိတ်ခံစားမှုကို လုံခြုံစေပြီး မိဘများ၏ ကိုယ်ပိုင်အောင်မြင်မှုများကို အာမခံစေနိုင်သော နည်းလမ်းများကား မိဘများ၏ လက်ထဲတွင်ပင်ရှိနေကြပါသည်။

လွန်ခဲ့သော နွေရာသီက ကျွန်ုပ်၏သားငယ် ရှစ်နှစ်အရွယ်ရှိသောကလေးသည် ပီးနတ်ဘော့စ်ဘောအဖွဲ့တွင် ပါဝင်ကစားခဲ့သည်။ သူကစားသည်ကို ပွဲကြည့်စင်မှ ကျွန်ုပ်ထိုင်၍ ကြည့်နေခဲ့သည်။ ကစားပွဲကာလအတွင်း မျက်လုံးချင်းဆက်သွယ်မှုနှင့်ကိုယ်ခန္ဓာဆက်သွယ်မှုတို့ လျှို့ဝှက်ချက်တွေ့ရှိထားသော ဖခင်တစ်ဦးကို စောင့်ကြည့်ရင်း စိတ်ကြည်နူးမိခဲ့ရသည်။

ဖခင်က သားငယ်၏ပခုံးပေါ်တွင် တင်၍ဖြစ်စေ လက်မောင်းကလေးကို ဆုပ်ကိုင်၍ဖြစ်စေ တစ်ခါတစ်ရံ ဒူးကလေးကိုပုတ်၍ဖြစ်စေ မကြာခဏပြုမူလေ့ရှိသည်။ ရယ်စရာမောစရာ ပြောသောအခါ သားငယ်၏ကျောကို ပုတ်၍လည်းကောင်း သူ့ဆီသို့ဆွဲယူ၍၎င်း၊ အချိန်ရနိုင်သမျှ ကိုယ်ခန္ဓာဆက်သွယ်မှု ပြုနေသည်ဟု ဆိုနိုင်ပါသည်။ ကလေးငယ်ကလည်း စိတ်ချမ်းသာလျက်ရှိပါသည်။

## အဖိုးတန်လက်ဆောင်နှစ်ခု

ကျွန်ုပ်တို့ သားသမီးများနှင့် ကျွန်ုပ်တို့၏ နေ့တဓူဝဆက်ဆံရေးတွင် မျက်လုံးချင်း ဆက်သွယ်မှုနှင့် ကိုယ်ခန္ဓာဆက်သွယ်မှုတို့ပေါင်းစပ်ပါဝင် နေသင့်ပါသည်။ ထိုဆက်သွယ်ရေးများသည် သဘာဝအတိုင်းဖြစ်သင့်ပြီး သက်တောင့်သက်သာ ရှိရမည်အပြင်လွန်ကဲခြင်း၊ ဟန်ပြပြုလုပ်ခြင်း မဖြစ်စေသင့်ပါ။ သင့်တော်သော မကြာခဏပြုလုပ်သည့် မျက်လုံးချင်း ဆက်သွယ်ရေးနှင့် ကိုယ်ခန္ဓာဆက်ဆံရေးတို့သည် သားသမီးများကို ကျွန်ုပ်တို့ပေးနိုင်သော အဖိုးတန်လက်ဆောင် နှစ်ခုဖြစ်ပါသည်။

တွမ်၏ မိဘများကား မျက်လုံးချင်းဆက်သွယ်မှုနှင့် ကိုယ်ခန္ဓာဆက်သွယ်မဥတို့၏ လျှို့ဝှက်ချက်ကို ရှာဖွေမတွေ့ရှိခဲ့ကြပါ။ ယောကျ်ားလေးများကို အမျိုးသားကြီးများကဲ့သို့ ပြုမူဆက်ဆံရမည်ဟု သူတို့က မှတ်ယူထားကြသည်။ ချစ်မြတ်နိုးခြင်းကြောင့် တွမ်အားမိန်းမဆန်စေလိမ့်မည်ဟု ယူဆထားသည်။ သူတို့ယူဆချက်၏ ဆန့်ကျင်ဘက်က အမှန်တရားဖြစ်ကြောင်းကို ထိုမိဘများ သတိမထားမိခဲ့ကြပါချေ။ ဖခင်က မျက်လုံးနှင့် ကိုယ်ခန္ဓဆက်သွယ်မှုပြုလေ တွမ်ကပိုပြီး ယောကျ်ားဆန်လာလေ ဖြစ်ပေလိမ့်မည်။

ကိုယ်ခန္ဓဆက်သွယ်မှုပုံစံ ပြောင်းသွားသည့်တိုင် ယောကျ်ားလေးတစ်ဦး၏ ကိုယ်ခန္ဓာထိတွေ့ ဆက်သွယ်မှုလိုအင်ကား ရပ်တန့်သွားသည်မရှိပါချေ။

မွေးဖွားစကလေး လသား၊ နှစ်သားကလေးများအတွက် ပွေ့ချီခြင်း၊ ပွေ့ဖက်ခြင်း၊ ပွတ်သပ်ပေးခြင်း၊ နမ်းရှုတ်ခြင်း စသည်တို့ လိုအပ်ပါသည်။ ထိုသို့သော ဆက်သွယ်မှုမျိုးကို မွေးစမှ ၇နှစ် ၈နှစ်အရွယ်အထိ လိုအပ်သည်။ ၁၂ လထက်ငယ်သော ကလေးများတွင် ယောကျ်ားလေးများသည် မိန်းကလေးများထက် ကိုယ်ခန္ဓာဆက်သွယ်မှု ၅ဆပို၍နည်းသည်ဟု သုတေသနများက ဖော်ပြကြပါသည်။ ယင်းသည်ပင် ယောကျ်ားလေးများက မိန်းကလေးများထက်ပို၍ ပြဿနာများစေသော အကြောင်းတစ်ရပ်ဟု ကျွန်ုပ်ယူဆပါသည်။

ယောကျ်ားကလေးများ ကြီးပြင်းလာကြသောအခါ ဖက်ခြင်း၊ နမ်းရှုတ်ခြင်း ကဲ့သို့သော ခန္ဓာကိုယ်ဆက်သွယ်မှု လိုအင်များ နည်းပါးသွားသော်လည်း ကိုယ်ခန္ဓာဆက်သွယ်မှု လိုအင်ကား နည်းပါးမသွားပါ။ ပျော်ရွှင်စွာနပမ်းလုံးခြင်း၊ ပူးကပ်တိုးဝှေ့ခြင်း၊ မနာမကြင်ပစ်ပေါက်ခြင်း သို့မဟုတ် ထိုးကြိတ်ခြင်းနှင့် လက်ဝါးချင်းရိုက်ခြင်းတို့ ကဲ့သို့သော "ယောကျ်ားလေးစတိုင်" ကိုယ်ခန္ဓာဆက်သွယ်မှုမျိုးများကို လိုချင်လာပေမည်။ ယင်းတို့သည်လည်း ပွေ့ဖက်ခြင်း၊ နမ်းရှုတ်ခြင်းတို့နှင့် အလားတူအဓိပ္ပါယ်သက်ရောက်သော ကိုယ်ခန္ဓာဆက်သွယ်မှုများ ဖြစ်ပါသည်။

* တစ်နေ့တာလုပ်ငန်းနဲ့ စိတ်ပင်ပန်း
လူပင်ပန်းနေတော့ ထင်ရာကိုရမ်းတတ်တဲ့အမေ
ဆူညံပူညံ ကစားသံတွေ စိတ်မရှည်ချင်တော့ဘူး
ရှုးပဲရှုးချင်ရဲ့ ဘယ့်နယ်ဘယ်နယ့်လွဲချော်မှုတွေ
အဆင်မပြေတာတွေ စိတ်မရှည်စရာတွေက

တစ်နေ့တာအမေ့ဘဝမှာ ခြေချစရာမရှိအောင်
ရှုတ်ပွလွန်းတဲ့နေ့မို့ တွေ့မရှောင်အကုန်ကြမ်းမယ်တွေးပေမဲ့
ကလေးတွေကိုတော့ ပါးကလေးတွေနမ်းပြီး
အိပ်ခန်းထဲပို့ခဲ့တာပဲ မဟုတ်လား အမေ။

* ကလေးတွေမုန်တာလုပ်တော့လည်း ဝမ်းသာရ
မှားတာလုပ်တော့လည်း စိတ်မအေးရ
အိပ်ရေးမဝအောင် တစ်ညလုံး ဂျီကျတော့လည်း စိတ်တိုရနဲ့
ဘဝအမောမှာ သေငယ်စောနဲ့မြောနေပေမဲ့
ကလေးတွေကိုတော့ ပါးကလေးတွေကိုနမ်းပြီး
အိပ်ခန်းထဲပို့ခဲ့တာပဲ မဟုတ်လားအမေရယ်

* အတောင်စုံလို့ သိုက်မြုံက ခွာသွားကြတဲ့နောက်မှာ
ဆူညံပူညံ ဒီအသံတွေကြောင့် အမေစိတ်မနောက်တော့ပေမဲ့
သူတို့မရှိတဲ့ အမေ့ကမ္ဘာမှာ လစ်ဟာနေပြီပေါ့
အမေ့ ရင်တစ်ပြင်လုံး နာကြင်မှုတွေက တဝုန်းဝုန်းထုနက်နေပြီပေါ့။
အမေ့အိမ်တံခါးဝမှာ ဘွားကနဲပေါ်လာမယ့်
အသည်းစွဲမျက်နှာလေးတွေကို အမေတွေးလို့မျှော်ပြီပေါ့။

* ဟော ပြောရင်းဆိုရင်း
အတင်းပြေးဝင်လာတဲ့ အခုတော့ သူများရဲ့ကလေး
တစ်ခါတုန်းက အမေ့သွေးလေးတွေကို
ရင်ခွင်ထဲမှာ နွေးထွေးဖိကပ်ပြီး
သူတို့အချစ်တော်နေတာကို အမေဖြည့်ပေးရပြန်ပြီပေါ့။
ကလေးတွေကိုတော့ ပါးကလေးတွေကိုနမ်းပြီး
အိပ်ခန်းထဲပို့ရဦးမှာပဲ မဟုတ်လားအမေရယ်။

သင့်ကလေးများ ကြီးပြင်းလာ၍ သူ/သူမသည်အရွယ် ရောက်ကာစ အခက်အခဲများနှင့် တွေ့ကြုံရသောအခါများ မိဘများ၏ ချစ်ခြင်းမေတ္တာကို ရယူလိုသောအခါများတွင် ကျွန်ုပ်တို့ သားသမီးများအား စိတ်မချမ်းမြေ့ဖွယ် ကိုယ်ခန္ဓာဆက်သွယ်မှုကို ပေးအပ်ရန် အထူးအခွင့်ကောင်းများပင် ဖြစ်ပါသည်။ ထိုသို့သော ကိုယ်ခန္ဓာဆက်သွယ်မှုမျိုးကို ရရှိလေလေ အပျိုဖော် လူပျိုဖော်ဝင်စ ကမောက်ကမ အခက်အခဲများကို ကြံကြံခံရင်ဆိုင်နိုင်လေလေ ဖြစ်ပါသည်။

အဆိုပါတန်ဖိုးရှိသော အခွင့်အလမ်းများကား အရေအတွက်အားဖြင့် ကန့်သတ်မှုရှိနေကြပါသည်။ ကလေးတစ်ဦးသည် အဆင့်တစ်ခုမှ အခြားအဆင့်တစ်ခုသို့ လျင်မြန်စွာပြောင်းလဲတတ်ပြီး ထိုပြောင်းလဲမှုကို ကျွန်ုပ်တို့ မသိရှိလိုက်မီမှာပင် သူ/သူမလိုအပ်သော လိုအင်များအတွက် ကျွန်ုပ်တို့ပေးရမည့် အခွင့်အလမ်းများသည် ပေါ်လာပြီးပျောက်ကွယ်သွားပေသည်။ စိတ်ပျက်စရာမကောင်းပါသလော။

ယောကျ်ားကလေးတစ်ဦးသည် အသက် ၁၂လမှ ၁၈လဝန်းကျင်တွင် သူ့အားချစ်မြတ်နိုးသော အပြုအမူပြသရန် လွယ်ကူပါသည်။ သို့ရာတွင် သူကြီးပြင်းလာသည်နှင့်အမျှ ခက်ခဲလာတတ်ပါသည်။ အဘယ်ကြောင့်ပါနည်း။ တစ်ချက်မှာ ကိုယ်ခန္ဓာဆက်သွယ်မှုသည် မိန်းမဆန်သည်၊ ပျော့ညံ့သည်ဟု ယူဆသောကြောင့် ဖြစ်ပါသည်။ ယောကျ်ားလေးအများစုသည် ကြီးပြင်းလာသည်နှင့်အမျှ လူကြီးများအား စိတ်ဝင်စားမှု နည်းပါးလာသည်။ ဥပမာ ၇နှစ် ၈နှစ်သား ကလေးငယ်တစ်ဦးကို လူကြီးများက စိတ်မဝင်စားသည့်ပြင် စိတ်ရှုတ်တတ်သကဲ့သို့ ဖြစ်သည်။ ကလေးတစ်ဦး စိတ်ခံဏားမှုကို ဖြည့်ဆည်းပေးရန်အတွက် သူ့အပေါ်တွင် ကျွန်ုပ်တို့ကိုယ်တိုင်စိတ်မကျေနပ်သော ငြင်းဆန်သော ခံစားမှုများကို သတိပြုရမည်ဖြစ်ပြီး ကျွန်ုပ်တို့က မိခင် ဖခင်များအဖြစ် ဆောင်ရွက်ရမည့် ကိစ္စများကို ဆက်လက်ဆောင်ရွက်ရန်သာ ဖြစ်ပါသည်။

မိန်းကလေးများသည် ၎င်းတို့၏ ပထမ ၇နှစ် ၈နှစ်ကာလအတွင်း မြတ်နိုးမှုခံယူလိုသော လိုအင်များကို ထင်ရှားစွာမပြုလုပ်ကြ။ မပြသကြပေ။ ငယ်ရွယ်သည်နှင့်အမျှ သူတို့၏ စိတ်ပျက်မှုကို ပြသခြင်းမရှိဘဲ စိတ်ပိုင်းဆိုင်ရာကို သတိမထားမိဘဲ ကြိတ်မှိတ်ခံစားလေ့ရှိကြသည်။

ပို၍ချစ်ခင်မြတ်နိုးဖွယ်ကောင်းသော ပုံစံဖြစ်သည့် ပွေ့ချီးခြင်း၊ ပွေ့ဖက်ခြင်းနှင့် နမ်းရှုတ်ခြင်းတို့က ထိုသို့သော ကိုယ်ခန္ဓာဆက်သွယ်မှုများသည် ငယ်ရွယ်သော ယောကျ်ားလေးများအတွက် အရေးကြီးသည်။ အသက်ငယ်လေ ကိုယ်ခန္ဓာဆက်သွယ်မှု အရေးကြီးလေဖြစ်သည်။ မိန်းကလေးတစ်ဦးအတွက်မူ သူမ၏အသက်အရွယ် ၁၁နှစ်ဝန်းကျင်သို့ ရောက်သောအခါတွင်မူ ကိုယ်ခန္ဓာဆက်သွယ်မှုလိုအင်၏ အရေးကြီးမှု မြင့်မားလာတတ်သည်။

၁၁နှစ်သည် မိန်းကလေးတစ်ဦးအတွက် မျက်လုံးချင်းဆက်သွယ်မှုနှင့် အထူးသဖြင့် ဖခင်တစ်ဦး၏ သတိနှင့်ယှဉ်သော ကိုယ်ခန္ဓာဆက်သွယ်မှုတို့ လိုအပ်သော အရေးကြီးသည့် အထွတ်အထိပ်ကာလဖြစ်ပါသည်။

## ပျိုဖော်ဝင်ကာလအတွက်ကြိုတင်ပြင်ဆင်ခြင်း

အကြိုပျိုဖော်ဝင်ချိန်၊ ပျိုဖော်ဝင်စအရွယ်တွင် ကြင်နာမြတ်နိုးသော ချစ်ခြင်းမေတ္တာသည် မိန်းကလေးများအတွက် အဘယ်ကြောင့် အရေးကြီးပါသနည်း။ အဖြေမှာ ပျိုဖော်ဝင်ရေးအတွက် ကြိုတင်ပြင်ဆင်ပေးရမည် ဖြစ်သောကြောင့်ပင်တည်း။

ကြိုတင်ပြင်ဆင်ရေးအတွက် အရေးကြီးအစိတ်အပိုင်း ၂ခုမှာ ကိုယ်ပိုင်စိတ်ကူးနှင့် လိင်မှုဆိုင်ရာ ကွဲပြားခြားနားမှု ဖြစ်ပါသည်။ ပျိုဖော်ဝင်ချိန် နီးကပ်လာသည်နှင့်အမျှ သဘာဝအသိအရဖြစ်စေ မသိ၍ပင်ဖြစ်စေ အဆိုပါ စိတ်အနှောင့်အယှက်ဖြစ်ဖွယ်ကောင်းသော ထိန်းသိမ်းရခက်ခဲသော နှစ်များကို သူမမည်သို့ကျော်လွှား လွန်မြောက်မည်ဆိုခြင်းသည် သူမကိုယ်သူမ မည်သို့ယူဆသနည်းဟူသော အချက်ပေါ်တွင် မူတည်သည်။ ပျိုဖော်ဝင်ကာလကို ဝင်ရောက်သောအခါ သူမအနေဖြင့် "မိန်းမ/ အမျိုးသမီးတစ်ဦး" အဖြစ် စိတ်သက်သာမှုရှိလျှင် ထုံးစံအတိုင်း တွေ့ကြုံရမည့် အနိမ့်အမြင့် အတက်အဆင်းများကို အဆင်ပြေချောမွေ့စွာ သက်တောင့်သက်သာ ကျော်ဖြတ်နိုင်ပါလိမ့်မည်။ သူမ၏ လိင်ကွဲပြားခြားနားမှုကို ပို၍တည်ငြိမ်ခိုင်ခန့်သော စိတ်ရှိလျှင် ရွယ်တူဖိအားပေးမှုကို ပို၍ကြံကြံခိုင်ခိုင်နိုင်ပါလိမ့်မည်။ သူမကိုယ်သူမ "မိန်းမသားတစ်ဦး" ဖြစ်ရခြင်းအတွက် အဆင်မပြေဟုယူဆလျှင် ကြံကြံခံနိုင်စွမ်း နည်းပေလိမ့်မည်။

လိင်မှုဆိုင်ရာ ကွဲပြားမှုဟူသည် မိမိကိုယ်မိမိ "မ' အဖြစ်အသိအမှတ်ပြုခြင်းဖြစ်ပြီး အဆိုပါ မဟူသောအသိစိတ်ကို သူမ၏ ဖခင်ကအတူနေပြီး နေအိမ်တွင် နေထိုင်မှုရှည်ကြာလာသည်နှင့်အမျှ ဖခင်ထံမှ ခွဲခြားသိရှိလာခြင်းဖြစ်သည်။ ဖခင်ကသေဆုံးသွားလျှင် သို့မဟုတ် သမီးနှင့်ဆက်သွယ်မှု ပြတ်တောက်နေလျှင် အဆိုပါလိုအင်များကို မိဘသဖွယ်ဖြည့်ဆည်းပေးနိုင်သော အခြားသူတစ်ဦးကို ရှာဖွေပေလိမ့်မည်။ ဖခင်တစ်ဦးက သူ၏သမီးငယ်အား ယင်းသို့ ပျိုဖော်ဝင်သော ထူးခြားသည့်ကာလကို ကြိုတင်ပြင်ဆင်ပေးရေးတွင် အထောက်အကူပြုနိုင်ပါသည်။

ဖခင်တစ်ဦးက သူ့သမီးအား သူကိုယ်တိုင် မျက်လုံးချင်းဆက်သွယ်မှု၊ ခန္ဓကိုယ်ဆက်သွယ်မှုနှင့် အလေးပေးမှုတို့ဖြင့် သူ၏ ခြွင်းချက်မရှိသော ချစ်ခြင်းမေတ္တာကို ပြသခြင်းဖြင့် သမီးငယ်က သူကိုယ်သူ အသိအမှတ်ပြုလာအောင် ကူညီနိုင်ပါသည်။ ဖခင်တစ်ဦး၏ထိုသို့သော ချစ်ခြင်းမေတ္တာမျိုးကို သမီးငယ်တစ်ဦးအတွက် ၂နှစ်သမီးအရွယ်ကပင် လိုအပ်ပါသည်။ မိန်းကလေးငယ် ကြီးလာသည်နှင့်အမျှ ထိုလိုအင်ပို၍ ကြီးမားလာစေပါသည်။ ၁၃နှစ်သမီးသို့ ချဉ်းကပ်လာလေ ထိုလိုအင်ပို၍ တောင့်တင်းလာလေ ဖြစ်ပါသည်။

ကျွန်ုပ်တို့၏ လူ့အဖွဲ့အစည်းတွင်ရှိနေသော ပြဿနာတစ်ရပ်မှာ သမီးငယ်သည် ပျိုဖော်ဝင် အကြိုအရွယ်သို့ ရောက်လာလျှင် ဖခင်တစ်ဦးက သူ၏သမီးငယ်လိုအပ်သော ချစ်ခင်မြတ်နိုးမှု လိုအင်များကို ပြသပေးဝေခြင်းအပေါ် စိတ်ကသိကအောက်ဖြစ်မှုများ တိုးပွားလာခြင်း ဖြစ်ပါသည်။

မိဘအများစုက သားသမီးများအား ချစ်မြတ်နိုးကြသော်လည်း အထက်ပါအချက်တွင်မူ ပြဿနာရှိနေတတ်ကြပါသည်။ ထို့ပြင် အခြားသော အဓိကပြဿနာတစ်ရပ်မှာ တစ်စုံတစ်ခုမဖြစ်ပျက်မီ မပြုလုပ်မီ ကျွန်ုပ်တို့၏ သားသမီးများအပေး ကျွန်ုပ်တို့၏ ခြွင်းချက်မရှိသောချစ်ခြင်းမေတ္တာထားရှိကြောင်း သူတို့သိရှိရန်ပြသမှုကို ကျွန်ုပ်တို့ သတိမထားမိခြင်း ဖြစ်ပါသည်။ ဥပမာ သင်ကြားခြင်းမပြုမီ လမ်းညွှန်ခြင်းမပြုမီ နမူနာပြခြင်းမပြုမီ စည်းကမ်းချမှတ်ခြင်း မပြုမီ စသည်ဖြင့် ခြွင်းချက်မရှိသော ချစ်ခြင်းမေတ္တာသည် ကလေးတစ်ဦးနှင့် အခြေခံဆက်သွယ်မှု ဖြစ်ရမည်။ သို့မဟုတ်ပါက ၎င်းတို့၏ သဘောထားများနှင့် အပြုအမူများ စသည့်အရာအားလုံးကို ကြိုတင်တွက်ဆခြင်းမပြုနိုင်ပါချေ။

## အလေးထားစူးစိုက်ခြင်း

မျက်လုံးချင်းဆက်သွယ်မှုနှင့်ကိုယ်ခန္ဓာဆက်သွယ်မှုသည် မိဘများအတွက် အမှန်တကယ် စွန့်စားရခဲသောအလုပ်ဖြစ်သည်။ အလေးထားစူးစိုက်ခြင်းသည်လည်း အလားတူပင်ဖြစ်သည်။ သို့သော် အချိန်လိုအပ်သည်။ ရံဖန်ရံခါ အချိန်ကြာမြင့်စွာ လိုအပ်သည်။ ယင်းသည် မိဘများက စွန့်လွှတ်လုပ်ဆောင်ရမည့်အရာဟု အဓိပ္ပါယ်ကောက်ယူနိုင်သည်။ မိဘများက သားသမီးများအပေါ် အလေးပေးစူးစိုက်ရန် မလိုအပ်ဟု ယူဆသောအခါမျိုးတွင် ကလေးတစ်ဦးအနေဖြင့် မိဘများ၏ အလေးပေးစူးစိုက်မှုကို လုံးဝမလိုအပ်နေသည့် အခြေအနေမျိုးကိုလည်း ချစ်တတ်သော မိဘများသဘောပေါက်ကြပါလိမ့်မည်။

အလေးပေးစူးစိုက်မှုဟူသည် အဘယ်နည်း။ ကလေးတစ်ဦးက သူ့ကိုမိဘများက အကြွင်းမဲ့ချစ်သည်ဟု သံသယမရှိသည့်တိုင်အောင် ကျွန်ုပ်တို့က သူ့အပေါ် အပိုင်းအခြားမရှိဘဲ ပြည့်ဝစွာအလေးပေးခြင်းပင် ဖြစ်သည်။ အတိုချုပ်အားဖြင့် အလေးပေးစူးစိုက်မှုသည် ကလေးတစ်ဦးအား သူသည် သူ့မိဘများ၏ မျက်လုံးထဲတွင် လောက၌ အရေးကြီးဆုံးပုဂ္ဂိုလ်ဟု မှတ်ယူနိုင်စေခြင်းပင် ဖြစ်ပါသည်။

## ခဏတာမျှသောအခိုက်အတန့်ကလေးများ

ဤဖေါ်ပြချက်သည် အလေးထားစူးစိုက်မှု၏ အရေးကြီးပုံကို ထင်ရှားစွာမီးမောင်းထိုးပြထားခြင်း ဖြစ်ပါသည်။ ဧည့်ခန်းထဲတွင် ထိုင်နေသော ဖခင်တစ်ဦး၏အကြောင်းကို မကြာသေးမီက ကျွန်ုပ်ဖတ်ခဲ့ရသည်။ ထိုနေ့က သူ၏အသက် ၅၀ပြည့် မွေးနေ့ဖြစ်ပြီး စိတ်တိုနေသည်။ ရုတ်တရက်ဆိုသလိုပင် သူ၏ ၁၁နှစ်သားကလေး ရစ်၏ (Rick) ကအခန်းထဲသို့ ခုန်ပေါက်ဝင်လာပြီး ဖခင်၏ ပေါင်ပေါ်တွင်ထိုင်ကာ ဖခင်၏ပါးကို တရှုတ်ရှုတ်နမ်းပါတော့သည်။ သူ့ဖခင်က "သားဘာလုပ်တာလဲ" ဟု သူ့အားအော်ငေါက်မမေးခင် အထိ ဖခင်၏ပါးနှစ်ဘက်ကို ဘယ်ပြန်ညာပြန် နမ်းနေပါသည်။ ထိုသို့မေးလိုက်သောအခါ သားလေးက "ဖေဖေ့အသက် ၅၀ပြည့်တဲ့ မွေးနေ့အတွက် သားကဖေဖေ့ကို အချက် ၅၀ပြည့်အောင် နမ်းတာလေ" ဟုဖြေလိုက်ပါသည်။ သာမန်အားဖြင့်ဆိုပါက ဖခင်သည် ဤသို့ ချစ်မြတ်နိုးဖွယ် ချစ်ခြင်းမေတ္တာသရုပ်ဖြင့် ထိတွေ့ဆက်သွယ်ခြင်းကို ခံယူရပေလိမ့်မည်။ သို့သော် သူသည် စိတ်ဓါတ်ကျပြီး စိတ်တိုနေသဖြင့် ကလေးငယ်အား တွန်းပြစ်လိုက်ပြီး "နောက်တစ်ခါမှ ဒီလိုလုပ်ကြတာပေါ့ကွာ" ဟုပြောလိုက်သည်။ သားကလေးမှာ ကြေကွဲသွားရရှာသည်။ အိမ်ထဲမှပြေးထွက်ပြီး စက်ဘီးကိုဆွဲကာ လမ်းပေါ်စီးထွက်သွားပါတော့သည်။ ခဏကြာသောအခါ ကလေးငယ်ခမျာ ကားတိုက်၍ သေဆုံးသွားပါတော့သည်။ ထိုဖခင်ခံစားရမည့် သောကပရိဒေဝ မီးလောင်မြိုက်မှုနှင့် သူ့ကိုယ်သူအပြစ်တင်မဆုံးဖြစ်မှုကို သင်စဉ်းစားကြည့်နိုင်ပါလိမ့်မည်။

ကျွန်ုပ်တို့၏ သားသမီးများကို ပြုစုပျိုးထောင်ရေးအတွက် အခွင့်အလမ်းမည်မျှ ရနိုင်ခွင့်ရှိသည်ကို ကျွန်ုပ်တို့မသိနိုင်သလို စီမံ လျာထားခြင်းလည်း မပြုနိုင်ပေ။ အကြောင်းမူ ဘဝဟူသည် ကြိုတင်ခန့်မှန်း၍ မရနိုင်သည့်အပြင် မသေချာလွန်းသောကြောင့်ပင်တည်း။ ကျွန်ုပ်တို့ အချိန်ကိုက်အခွင့်အလမ်းများသည် ကျွန်ုပ်တို့မျှော်မှန်းသည်ထက် နည်းပါးလှသောကြောင့် ကျွန်ုပ်တို့အရယူအသုံးချကြရပေ မည်။

* ကလေးတစ်ဦးဟာ သူ့ရဲ့ခံစားချက်တွေကို
ဘယ်လိုပဲဖွင့်မပြောနိုင်ပေမယ့်
သူနဲ့လမ်းလျှောက်စကားပြောရင်
ကစားရယ်မောရင်း ဖွင့်ပြောနိုင်ခဲ့တာပါပဲ။
* ရင်မှာရှိနေသော မာနကြောင့်ချစ်ခြင်းမေတ္တာကို
ဖွင့်ဟမပြောနိုင်သော်လည်း
သူ၏ ထွင်းဖေါက်တဲ့အကြည့်တစ်ချက်ကြောင့်
ပွင့်အန်ထွက်တတ်တာပဲ။
* သူသည် သူ၏သား သူ၏စံပြ
သူ၏ သူရဲကောင်း။
* ရင်ထဲမှ သောကမှန်သမျှကို'
သူကောင်းစွာသိကြောင်း ကောင်းကောင်း
သဘောပေါက်ပါသည်။
* ရင်ဆိုင်ရမည့် ပြဿနာကို သူ့အားရင်ဖွင့်ပြီး
နီးနှောတိုင်ပင်နိုင်ပါသည်။
* သို့မှရင်မဖွင့်လျှင် အဘယ်မှာလျှင်
လမ်းမှန်ရောက်ပါမည်နည်း။
* အမြဲရှေ့တန်းတင်
ဘုရားသခင်လို ကိုးကွယ်သောသူက
ကျွန်ုပ်အား "သား" ဟုခေါ်လိုက်ပါသည်။

အလေးပေးစူးစိုက်ခြင်းနှင့် ပတ်သက်သော အခြားဖြစ်ရပ်တစ်ခုကို ကြည့်ကြပါဦးစို့။ လူသားချင်း စာနာထောက်ထားသော အကျိုးပြုလုပ်ငန်းများကို ကြိုးပမ်းထမ်းဆောင်နေသော ဖခင်ပုဂ္ဂိုလ်ကြီးတစ်ဦး၏ နေ့စဉ်မှတ်တမ်းတွင် သူ့သားငယ်နှင့် ငါးမျှားခဲ့ရသော တစ်နေ့တာကို ဖေါ်ပြထားကြောင်း တွေ့ရှိခဲ့ရသည်။ သူ၏သားငယ်သည် "ပျင်းယိငြီးငွေ့နေပုံရပြီး စကားပြောနည်းသဖြင့်" ထိုနေ့သည် သူ့အတွက် လုံးဝဆုံးရှုံးရသောနေ့အဖြစ် ဖခင်က ဝမ်းနည်းကြေကွဲစွာ မှတ်တမ်းတင်ထားခဲ့သည်။ ထို့ပြင် သူ့သားကို နောင်ငါးမျှားခေါ် သွားရန်မဖြစ်နိုင်တော့ကြောင်းကိုပါ ရေးသားထားသည်။

နှစ်ပေါင်းများစွာကြာမှ သမိုင်းသုတေသီများက ထိုမှတ်တမ်းများကို တွေ့ရှိခဲ့သည်။ ထိုနေ့စွဲတွင်ပင် သူ့သား၏နေ့စဉ်မှတ်တမ်း ရေးသားချက်နှင့် နှိုင်းယှဉ်လေ့လာခဲ့သည်။ သူ့သားက ထိုနေ့ကို သူ့ဘဝအတွက် အပြည့်ဆုံးဆုံးနေ့နှင့် သူ့ဖခင်နှင့် နှစ်ဦးတည်းနေရ

သောနေ့အဖြစ် ရေးသားထားသည်ကို တွေ့ကြရသည်။ ထိုနေ့သည် သူ့အတွက် အဓိပ္ပါယ်အပြည့်ဝဆုံးနှင့် သူ့ဘဝအတွက် အရေးကြီးဆုံးနေ့အဖြစ် မှတ်တမ်းတင်ထားခဲ့ပါသည်။

## မည်သို့အလေးထားစူးစိုက်မည်နည်း

ကလေးတစ်ဦးအတွက် အလေးထားစူးစိုက်မှုသည် မည်မျှအရေးကြီးကြောင်း ကျွန်ုပ်တို့သိရှိခဲ့ပြီး ဖြစ်ပါသည်။ ယင်းကို မည်သို့ဖြည့်ဆည်းပေးကြမည်နည်း။ ကလေးတစ်ဦးအား အလေးပေးအာရုံစူးစိုက်ပေးရန် အကောင်းဆုံးနည်းလမ်းမှာ ကလေးငယ်နှင့်နှစ်ဦးတည်း အတူတကွနေ၍ အချိန်ဖြုန်းရန် သီးခြားအချိန်ချန်လှပ် ဆောင်ရွက်ခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

မွန်မြတ်ကောင်းမွန်သော သားသမီးမွေးမြူပျိုးထောင်ရေးတွင် အနှောင့်အယှက်များကင်းလွတ်ပြီး ကလေးငယ်တစ်ဦးတည်းနှင့် အတူနေရမည့်အချိန် ရှာဖွေခြင်းသည် အခက်ခဲဆုံးအလုပ်ဖြစ်ကြောင်း ကျွန်ုပ်ယူဆမိပါသည်။ ကောင်းမြတ်သော သားသမီးမွေးမြူပျိုးထောင်ရေးတွင် အချိန်ယူရခြင်းကို ကျွန်ုပ်တို့ရင်ဆိုင်ဖြေရှင်းကြစို့။

ခရစ်ယာန်မိတ်သဟာယတက္ကသိုလ် ဥက္ကဋ္ဌ၊ ဂျွန်အလက်ဇန္ဒား (John Alexander) တွင် သားသမီး ၄ဦးရှိသည်။ သူ့ကလေးတစ်ဦးချင်းစီအတွက် အချိန်ပေးရန် သူ့အတွက်မည်မျှ ခက်ခဲခြင်းနှင့် ပတ်သက်ပြီး မကြာမီကပြုလုပ်သော ညီလာခံတွင် သူက ပြောပြခဲ့သည်။ သူ့၏အဖြေမှာ ကလေးတစ်ဦးချင်းစီအတွက် နာရီဝက်ခန့်ကို တနင်္ဂနွေနေ့ညနေတိုင်း သတ်မှတ်ပေးထားခြင်းပင်ဖြစ်သည်။ ထိုနေ့တွင် ကလေးတစ်ဦးချင်းစီအား အချိန်ပေးထားသောနည်းကို လူတိုင်းရှာဖွေတွေ့ရှိနိုင်ပါသည်။

စင်စစ် ကလေးများသော မိဘများအတွက် ကလေးတစ်ဦးချင်းစီကို အလေးပေး အာရုံစူးစိုက်ရေးအတွက် အချိန်ရှာရသော အလုပ်သည် ပို၍ခက်ခဲပါသည်။ ကျောင်းတွင်ရော အိမ်မှာပါပြဿနာများစွာရှိသော ၇နှစ်သမီးကလေးတစ်ဦးအား ကျွန်ုပ်ဆွေးနွေးအကြံပေးခဲ့ရခြင်းကို သတိရမိပါသည်။ ပြဿနာများမှာ ကျောင်းလေ့ကျင့်ခန်းများ၊ ရွယ်တူဆက်ဆံရေး၊ မွေးချင်းညီအစ်ကို မောင်နှစ်မချင်း ဆက်ဆံရေး၊ မရင့်ကျက်သော အပြုအမူစသည်ဖြင့် စုံလင်လှပါသည်။ ထိုပြဿနာများကို သင်ခန့်မှန်းမိလောက်ပါပြီ။ သူမတွင် ညီအစ်မ၊ မောင်နှစ်မ ၉ဦးရှိပြီး သူမလိုအပ်သော အလေးပေးစူးစိုက်မှုအချိန်ကို မိဘများက ဖြည့်ဆည်းမပေးနိုင်ပါ။ အခြားသော သားသမီးများအားလုံးသည် အဆင်ပြေအောင်နေတတ်ကြပြီး ဤကလေးမလေးအနေဖြင့် အလေးပေးစူးစိုက်မှု လိုအပ်နေကြောင်းကို မိဘများက သတိမပြုမိခဲ့ကြပေ။ မိဘများသည် စိုက်ပျိုးမွေးမြူရေးသမားများ ဖြစ်ကြသဖြင့် နို့ညှစ်ခြင်း၊ အစာကျွေးခြင်းတို့ဖြင့် တစ်နေ့တာကုန်ဆုံးနေကြရပြီး သူတို့သားသမီးများ တစ်ဦးချင်းစီနှင့် ပြဿနာများကို ကြိုတင်စီစဉ်နိုင်ရန် အချိန်လုံလောက်စွာ အသုံးပြုကြပါသည်။ ထိုကလေးမလေးနှင့် ပတ်သက်၍မူ သူမ၏ အသက်အရွယ်အရဖြစ်စေ၊ ကလေးတစ်ဦးချင်းစီ၏ အိမ်မှုတာဝန်အရဖြစ်စေ မွေးဖွားမှုအစဉ်အရ သဘာဝအကြောင်းများကြောင့်ဖြစ်စေ၊ သူမအားအလေးပေး စူးစိုက်ရမည့်အချိန် မပေးနိုင်ခဲ့ပေ။ သူမသည် လစ်လျူရှုခံရသည်။ သူမအားမချစ်ကြဟု ခံစားနေခဲ့ရသည်။ မိဘများက သူမအား နှစ်နှစ်ကာကာချစ်သော်လည်း သူမ မခံစားတတ်ခဲ့ပေ။ သူမအား ချစ်ကြောင်းကိုလည်း မသိရှိခဲ့ပါချေ။

## အကျိုးရှိအောင်သတိနှင့်စီစဉ်ခြင်း

ဤဖော်ပြချက်သည် ကလေးတစ်ဦးချင်းစီအား အလေးပေး စူးစိုက်ချိန်ပေးရေးအတွက် ကျွန်ုပ်တို့၏ အချိန်များကို သတိနှင့်စီစဉ်ခြင်း၏ အရေးကြီးပုံကို တွေ့ရပါမည်။ မိသားစုတစ်စုတည်းတွင် နားပူနားဆာလုပ်သော ကလေးနှင့် တောင်းဆိုမှု မလုပ်တတ်သော ကလေး နှစ်မျိုးစလုံးပါဝင်လာခဲ့လျှင် ပို၍ခက်ခဲပါသည်။ ငိုလွန်းသောကလေး နို့စို့သည်ဟူသော သဘောထားကို ကျွန်ုပ်တို့ဆန့်ကျင်ရပေမည်။ သူတောင်းဆိုသည့် ကိစ္စများဖြည့်ဆည်းပေးသည်ဖြစ်စေ ဖြည့်ဆည်းမပေးသည်ဖြစ်စေ ကလေးတိုင်းတွင် တူညီသောလိုအင်များရှိကြပါသည်။

ကလေးငယ်ကြီးပြင်းလာသည်နှင့်အမျှ အလေးပေးစူးစိုက်မှု အချိန်ပိုပေးရန် လိုအပ်လာပါသည်။ ကျွန်ုပ်တို့၏ ကလေးများသည် သူတို့၏ တိုးတက်နေသော မကျေနပ်မှုများ၊ ခုခံပြောဆိုမှုများ၊ အရိုက်လျှော့ကျသွားစေရေး သူတို့အား ဒုက္ခပေးနေသော ကိစ္စရပ်တစ်ခုကိုလွတ်လပ်စွာ မျှဝေပြောပြလာရန် သွေးပူလာရေးတို့အတွက် အချိန်လိုအပ်ပါသည်။ အလေးပေး စူးစိုက်မှုအချိန်ကို ကလေးငယ်၏ အစောဆုံးကာလကတည်းကပင် ဖြည့်ဆည်းပေးခဲ့ပါက ယင်းသို့အလေးပေးမှုကို သဘာဝအတိုင်း လက်ခံနိုင်ပြီး သူ၏ စိတ်ခံစားမှုဆိုင်ရာကိစ္စများကို သူ၏မိဘများနှင့် လွယ်ကူစွာ ထုတ်ဖော်ပြောပြနိုင်ပါလိမ့်မည်။ အခြားတစ်ဘက်တွင်လည်း အလေးပေးစူးစိုက်မှု အချိန်ဖြည့်ဆည်းမပေးခဲ့ပါက ကလေးငယ်သည် သူ၏မိဘများနှင့် အဓိပ္ပါယ်ပြည့်ဝစွာ ဆက်သွယ်ရေးကို မည်သို့သင်ယူနိုင်ပါမည်နည်း။

# သင့်လျော်သောချစ်ခြင်းမေတ္တာနှင့် မသင့်လျော်သော ချစ်ခြင်းမေတ္တာ

## မသင့်လျော်သောချစ်ခြင်းမေတ္တာ

ကလေးတစ်ဦးကို ချစ်ခြင်းမေတ္တာ ပေးအပ်သောအခါ ကလေးငယ်၏ စိတ်ခံစားမှုဆိုင်ရာ လိုအင်များကို ဖြည့်ဆည်းပေးနိုင်ခြင်း မရှိသောကြောင့် ကလေးငယ်၏ စိတ်ခံစားမှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုကို နှောင့်နှေးကြန့်ကြာစေပြီး မိဘအပေါ်တွင် မှီခိုသောဆက်ဆံရေး မျိုးမြင့်မားလာကာ ကိုယ့်ကိုယ်ကိုအားကိုးမှု ဆုတ်ယုတ်တတ်သည်။

မသင့်လျော်သော ချစ်ခြင်းမေတ္တာ ၄မျိုးမှာ ပိုင်ဆိုင်လိုမှု၊ သွေးဆောင်ဖြားယောင်းမှု၊ သူတစ်ပါးအားကိုယ်စားပြုမှုနှင့် အခန်းကဏ္ဍအပြန်အလှန်ဖြစ်မှု တို့ပင်ဖြစ်သည်။

## ပိုင်ဆိုင်မှု

ပိုင်ဆိုင်လိုမှုဟူသည် သားသမီးအား သူ၏မိဘများအပေါ်တွင် မှီခိုအားထားရန် အားပေးအားမြှောက်ပြုလိုသော မိဘများ၏ သဘောထားပင်ဖြစ်သည်။ ကလေးတစ်ဦး ငယ်ရွယ်စဉ်က မှီခိုမှုမှာသိသာထင်ရှားပြီး ပြည့်စုံမှုရှိပါသည်။ သို့ရာတွင် ကလေးငယ်ကြီး ပြင်းလာသည်နှင့်အမျှ အဆိုပါမှီခိုမှုသည် မှေးမှိန်ပျောက်ကွယ်မသွားဘဲ ကလေးငယ်၏ စိတ်ခံစားမှု ဖွံ့ဖြိုးတိုးတက်ရေးတွင် အတားအဆီးတစ်ခု ဖြစ်လာပေသည်။

ကလေးတစ်ဦးသည် သူ၏သီးခြားပုဂ္ဂိုလ်ဖြစ်မှုကို မိဘများက လေးစားရမည်။ ယင်းမှာ အကန့်အသတ်မရှိခြင်း၊ သို့မဟုတ် လိုက်လျောခွင့်ပြုခြင်းဟူသော သဘောမျိုးမဟုတ်ပါ။ (ကလေးတိုင်းတွင် လမ်းညွှန်မှုနှင့် စည်းကမ်းလိုအပ်ပါသည်။) ဆိုလိုရင်းမှာ ကလေးတစ်ဦးအား စဉ်းစားတွေးခေါ်တတ်ရန် အလိုအလျောက်တုန့်ပြန်တတ်ရန် သူသည် သူ့ကိုယ်တိုင်အတွက် ပို၍ပို၍တာဝန်ရှိသော သီးခြားပုဂ္ဂိုလ်တစ်ဦးဖြစ်ကြောင်း အသိအမှတ်ရစေရန် အားပေးအားမြှောက်ပြုခြင်းသာ ဖြစ်ပါသည်။

ကျွန်ုပ်တို့သည် သားသမီးအား မပိုင်ဝက်မွေးသကဲ့သို့ ပိုင်ဆိုင်သင့်ပါသည်။ လူသားများ အမှန်တကယ် ပိုင်ဆိုင်သောအရာဟူ၍ဘာမျှမရှိပါ။ သို့သော် သူသည် ဘုရားသခင်က ယုံကြည်စွာအပ်နှင်းထားသော ဘဏ္ဍာစိုးတစ်ဦးသာ ဖြစ်သည်။ မိဘများတွင် တကယ်တော့ ပိုင်ဆိုင်မှုအချို့သာရှိပြီး ထိုပိုင်ဆိုင်မှုကို ပြုစုစောင့်ရှောက်ရန်နှင့် ထိုပိုင်ဆိုင်မှု၏ လွှမ်းမိုးမှုကို မခံရအောင် သတိပြုရမည်ဖြစ်ပါသည်။

## သွေးဆောင်ဖြားယောင်းမှု

ဒုတိယမသင့်လျော်သောနည်းမှာ ချစ်ခြင်းမေတ္တာကို သွေးဆောင်ဖြားယောင်း၍ ဖော်ပြခြင်းဖြစ်ပါသည်။ ယင်းကို ကလေးငယ်တစ်ဦးနှင့်တွေ့ဆုံရာမှ သိလျက်နှင့်ဖြစ်စေ၊ မသိဘဲနှင့်ဖြစ်စေ လိင်မှုဆိုင်ရာ ခံစားမှုမှဆင်းသက်လာစေရန် ကြိုပမ်းအားထုတ်မှုဟု အဓိပ္ပါယ်ဖွင့်ဆို နိုင်ပါသည်။

ချစ်တတ်သောမိဘများသည် ၁။ မည်သည့်အသက်ရွယ်တွင်မဆို ကလေးတိုင်းတွင် သင့်တော်သောခန္ဓာကိုယ် ဆက်သွယ်မှု လိုအပ်ခြင်း။ ၂။ ကလေးတိုင်းတွင် တစ်ခါတစ်ရံ လိင်မှုဆိုင်ရာ ခံစားမှုရှိခြင်း။ ၃။ မိဘများက အဆိုပါမသင့်တော်သော ခံစားမှုများကို လစ်လျူရှုပြီး ကလေးငယ်လိုအပ်သည့် သင့်တော်သော ခန္ဓာကိုဆက်သွယ်မှုပြုခြင်း စသည်တို့ကို သဘောပေါက်လျှင် ဤခက်ခဲသော ကဏ္ဍအတွက် များစွာအထောက်အကူ ပြုပါလိမ့်မည်။

## နမူနာ – နှစ်ခု

သင့်အားနမူနာ နှစ်ခုပေးပါရစေ။ ဒုတိယ ဥပမာမှာ ခန္ဓာကိုယ်ဆက်သွယ်မှု အပါအဝင် ကလေးငယ်တစ်ဦး၏ လိင်ဆိုင်ရာကွဲပြားခြားနားမှု၊ သိရှိမှုအတွက် သင့်လျော်သော ချစ်ခြင်းမေတ္တာက မည်သို့အကျိုးသက်ရောက်ခြင်းကို ပြဆိုပါသည်။ သို့ရာတွင် ပထမ ဥပမာမှာ သင့်လျော်သောချစ်ခြင်းမေတ္တာ ဖြည့်ဆည်းရန်ပျက်ကွက်မှုကြောင့် ဖြစ်ပေါ်လာသော အခြေခံအကြောင်းများကို ဖော်ပြပါသည်။

ပထမနမူနာမှာ အမေရိကန်ရေတပ်မှ ဖေါက်ခံနည်းပြဆရာဖြစ်ပြီး အဓိပ္ပါယ်ပြည့်ဝသော စိတ်ဓါတ်ခိုင်မာသော ယောကျာ်းပီသသော ကျွန်ုပ်၏သူငယ်ချင်း ရပ်စ်တီ (Rusty) ပင် ဖြစ်ပါသည်။ သူနှင့် သူ၏ကြင်နာတတ်သော ဇနီးသည်တို့တွင် ကြီးစဉ်ငယ်လိုက် သားယောကျာ်း ၄ဦးရှိပါသည်။ သူ၏သားများသည် သူကဲ့သို့ ကြံခိုင်ပြီးခံနိုင်ရည်ရှိသော ယောကျာ်းကြီးများ ဖြစ်ရမည်ဟု ဆုံးဖြတ်ထားသည်။ သူ့သားများအား ရေတပ် တပ်သားသစ်ကလေးများကဲ့သို့ပင် ကြင်နာမှုမရှိဘဲ ဆင်ခြေပေးရန်မလိုသော နာခံမှုရှိစေရန် ပြန်လှန်

မေးခွန်းမမေးရန် တင်းကျပ်သောစည်းကမ်းဖြင့် ဆက်ဆံခဲ့သည်။

ဤကိစ္စအတွက် သင်၏တုန့်ပြန်မှုသည် အရေးကြီး၏။ ထိုကလေးများ မည်သို့ဖွံ့ဖြိုးတိုးတက်လည်သည်ဟု သင်ယူဆပါသနည်း။ သူ့ဖခင်၏ ခြေရာကိုနင်းသည်ဟု ယူဆပါသလား။ သူတို့အားလုံး ယောကျ်ားပီသစွာ ကြီးပြင်းလာကြသည်ဟု ယူဆပါသလား။

ကျွန်ုပ်နောက်ဆုံးတွေ့ခဲ့စဉ်က ထိုကလေးများအားလုံး တကယ့်မိန်းမလျာကလေးများ ဖြစ်နေကြပါသည်။ သူတို့၏ အမူအရာ၊ စကားသံနှင့် ဟန်ပန်တို့မှာ ပီဘိမိန်းကလေးများကဲ့သို့ပင် ဖြစ်နေကြပါသည်။ အံ့သြစရာမကောင်းပေဘူးလား။ သင့်အနေဖြင့် မအံ့သြသင့်ပါ။ အမြဲတန်းငြင်းဆန်သော ပြင်းထန်စွာဆူပူကြိမ်းမောင်းသော ကြင်နာမှုမရှိသော ဖခင်တစ်ဦးနှင့် အတူနေရသည့် ယောကျ်ားလေးများသည် မိန်းမသားစိတ်ဝင်လာပြီး မိန်းမလျာလေးများ ဖြစ်လာကြသည်ကို ကျွန်ုပ်နေ့စဉ်တွေ့မြင်နေရပါသည်။

ဒုတိယနမူနာကို ကြည့်ပါဦး။ လွန်ခဲ့သောနှစ်များစွာက တောင့်တင်းသန်မာ ကြံ့ခိုင်ပုံရသော ခရစ်ယာန်ဘုန်းတော်ကြီးတစ်ပါး ရှိခဲ့သည်။ သူ့တွင် လိုလားစွာအလေးထားမှု၊ နွေးထွေးမှုနှင့် ချစ်တတ်သော နှလုံးသားရှိသည်။ ထိုအချိန်က သူ၏သားကလေးမှာ ၃နှစ်သားရှိနေပြီဖြစ်သည်။ သို့သော် သူနှင့်ရွယ်တူဖြစ်သော ကျွန်ုပ်၏သား ဒေးဗစ် (David) ထက် ဦးခေါင်းတစ်လုံးပိုမြင့်ပြီး ပေါင် ၂၀ ခန့်ပို၍လေးကာ သူ့ဖခင်နှင့် တစ်ပုံစံတည်းတူညီသည်။ ကျွန်ုပ်တို့၏ ခရစ်ယာန်ဘုန်းတော်ကြီးက သူ့သားကိုအလွန်အမင်း ချစ်မြတ်နိုးသည်။ အလွန်ကြင်နာသည်။ သားကလေးကို ပွေ့ဖက်ခြင်း၊ နမ်းရှုတ်ခြင်း၊ သားနှင့် နပမ်းလုံးခြင်းစသည့် ချစ်မြတ်နိုးဖွယ် အပြုအမူများကိုအမြဲမပြတ် ပြသလေ့ရှိသည်။

ထိုကလေး၏ ဖွံ့ဖြိုးတိုးတက်မှုကို သင်မည်သို့ထင်မြင်ပါသနည်း။ သူ့ဖခင်၏ ခြေရာကိုနင်းပါသလား။ သူ့ဖခင်၏ ခြေရာကိုနင်းသည်ဟု သင်ယူဆပါလိမ့်မည်။ ထိုကလေးငယ်သည် သူ့ဖခင်နှင့် တစ်ပုံစံတည်းဖြစ်ပါသည်။ သူသည် ကြံ့ခိုင်သန်မာပြီး ထင်ရှားသော လိင်ကွဲပြား ခြားနားမှုရှိသည်။ ဘေးကင်းလုံခြုံသော ပျော်ရွှင်ချမ်းမြေ့သော ချစ်စရာကောင်းသော ယောကျ်ားပီသသည့် ယောကျ်ားကလေးတစ်ဦးဖြစ်သည်။ ထိုသို့သော ဖခင်မျိုးနှင့်အတူနေရသော သူ့အတွက် လောကကြီးကို အဆင်ပြေစွာ ရင်ဆိုင်ဖြတ်သန်းပါလိမ့်မည်။

အဆိုပါ ဥပမာ ၂ခုတွင် သင့်လျော်သော ချစ်ခြင်းမေတ္တာ လျှံပယ်စွာပေးစေခြင်းသည် ယောကျ်ားကလေးဖြစ်စေ မိန်းကလေးဖြစ်စေ ကလေးငယ်တစ်ဦးကို အာမခံကျပေးသည်သာမက မိဘတိုင်းထံမှ ကလေးတိုင်းလိုအပ်သောအရာဖြစ်ကြောင်းကို ထင်ရှားစွာ ဖော်ပြနေပါသည်။ ကျွန်ုပ်ဖတ်မှတ်လေ့လာခဲ့သမျှ တွေ့ကြုံခဲ့သမျှတွင် နွေးထွေးသော၊ ချစ်တတ်သော၊ ကြင်နာမြတ်နိုးတတ်သော ဖခင်တစ်ဦးရှိသည့် မည်သည့်ပုဂ္ဂိုလ်မဆို လိင်မှုဆိုင်ရာ လမ်းလွဲသွားသည်ကို ကျွန်ုပ်မသိခဲ့ မတွေ့ခဲ့ဖူးပါ။

ထို့ကြောင့် ကျွန်ုပ်တို့တွေ့မြင်ခဲ့ရသော အဆိုပါ လွဲမှားသည့် သဘောထားများကြောင့် မိဘအနည်းငယ်သာလျှင် သားသမီးများ၏စိတ်ခံစားမှု ဖွံ့ဖြိုးတိုးတက်ရေးကို မှန်ကန်စွာ ပြုစုပျိုးထောင်ပေးနိုင်စွမ်း ရှိကြပါသည်။ သူတို့၏ နှလုံးသားထဲတွင် ပေးမကုန်သော ချစ်ခြင်းမေတ္တာများရှိလင့်ကစား လက်တွေ့တွင်မူ အနည်းအကျဉ်းမျှသာ ထုတ်ယူသုံးစွဲကြသည်။ အဆိုပါ လွဲမှားသော သဘောထားများကိုတည့်မတ်လိုက်လျှင် ကလေးများ၏ လိုအပ်ချက်များကို မိဘများက သဘောပေါက်လျှင် မိဘတိုင်းလိုလိုပင် သားသမီးများလိုအပ်သော သင့်လျော်သည့် ချစ်ခြင်းမေတ္တာကို အလျှံပယ်ဖြည့်ဆည်းပေးနိုင်စွမ်း ရှိကြပါလိမ့်မည်။

## သူတစ်ပါးအားကိုယ်စားပြုမှု

မသင့်လျော်သော ချစ်ခြင်းမေတ္တာ တတိယအမျိုးအစားမှာ သူတစ်ပါးအား ကိုယ်စားပြုမှုပင်ဖြစ်ပါသည်။ သူတစ်ပါးအား ကိုယ်စားပြုမှု သို့မဟုတ် သူတစ်ပါးအား ကိုယ်စားပြုသော ချစ်ခြင်းမေတ္တာဟူသည် တစ်ဦးတစ်ယောက်၏ဘဝ သို့မဟုတ် စိတ်ကူးတို့သည် ကလေးငယ်တစ်ဦး၏ ဘဝဖြင့်ရှင်သန်နေရခြင်းမျိုးပင် ဖြစ်သည်။

သူတစ်ပါးအား ကိုယ်စားပြုမှု နမူနာတစ်ရပ်မှာ ဖခင်တစ်ဦးက သူ၏ကိုယ်ပိုင် အားကစားဆိုင်ရာ အလိုဆန္ဒကို သူ့အားအသုံးပြု၍ ကျေနပ်နှစ်သက်မှု ရယူခြင်းမျိုးပင်ဖြစ်သည်။ သူတစ်ပါးအား ကိုယ်စားပြုစေလိုမှုကို ထက်သန်သောမိဘတစ်ဦးသည် သူသည် ကစားပွဲတစ်ခုတွင် ဝင်ရောက်ကစားနေသူတစ်ဦးကဲ့သို့ သူ၏စိတ်ပိုင်းဆိုင်ရာ လှုပ်ရှားမှုက ကလေးငယ်၏ အားကစားကိစ္စတွင် ဝင်ရောက် ကစားနေသူတစ်ဦးကဲ့သို့ သူ၏စိတ်ပိုင်းဆိုင်ရာ လှုပ်ရှားမှုက ကလေးငယ်၏ အားကစားကိစ္စတွင် နက်နက်နဲနဲပါဝင်ပတ်သက်လာလေ့ရှိသည်။ သူ့ဆန္ဒအတိုင်း ကလေးငယ်က အောင်မြင်ခြင်းမရှိသောအခါ အဆိုပါ မိဘ၏ဒေါသယမ်းအိုးပေါက်ကွဲတတ်ပါသည်။ အဆိုးဆုံးမှာ သူ၏မှားယွင်းမှုအတွက် သူ၏သားငယ်အပေါ် ပြင်းထန်စွာ ပြစ်တင်ရှုတ်ချတတ်ခြင်းပင် ဖြစ်ပါသည်။

## အခန်းကဏ္ဍအပြန်အလှန်ဖြစ်မှု

အခန်းကဏ္ဍပြောင်းပြန်ဖြစ်မှုတွင် မိဘများသည် ၎င်းတို့၏မွေးစ ကလေးများနှင့် ကလေးငယ်များအား ပြုစုပျိုးထောင်ရေးနှင့် ကာကွယ်ရေးအတွက် သားသမီးများကို အကူအညီတောင်းခြင်း ဖြစ်သည်။ တစ်ခါတစ်ရံ ကျွန်ုပ်တို့၏ သားသမီးများက ကျွန်ုပ်တို့စိတ်ကျေနပ်အောင် ဆောင်ရွက်နိုင်မည်ဟု မျှော်လင့်မိကြသည်။ ကျွန်ုပ်တို့ကိုယ်တိုင် စိတ်ပိုင်းဆိုင်ရာ သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာ မကျန်းမာသောအခါမျိုးတွင် ထိုအခြေအနေများ ပေါ်ပေါက်တတ်ပါသည်။ ကျွန်ုပ်တို့ကိုယ်တိုင် စိတ်ခါတ်ကျနေသည်။ ရုပ်ပိုင်းဆိုင်ရာနာမကျန်း

ဖြစ်နေမည်။ သို့မဟုတ် စိတ်မောလူမော ဖြစ်နေတတ်ကြမည်။ ထိုအခါမျိုးတွင် ကျွန်ုပ်တို့၏ သားသမီးများအား စိတ်ပိုင်းဆိုင်ရာ ပြုစုပျိုးထောင်မှု ပြုလုပ်ပေးနိုင်ခြင်းမရှိကြပေ။ ထိုအချိန်တွင် သားသမီးများအား မျက်လုံးချင်းဆက်သွယ်မှု၊ ခန္ဓာကိုယ်ဆက်သွယ်မှု သို့မဟုတ် အလေးထားစူးစိုက်မှုတို့ ပြုလုပ်ရန်ခဲယဉ်းကြပါသည်။

ဤသို့သော အခြေအနေတွင် ကျွန်ုပ်တို့သားသမီးများအား ကျွန်ုပ်တို့ကို စိတ်ကျေနပ်မှုပေးရန် စိတ်သက်သာစေရန် သူ၏အပြုအမူရင့်ကျက်စေရန်နှင့် ပြန်မပြောဘဲ နားထောင်ရန်စသော မှားယွင်းသည့် မျှော်မှန်းချက်များ ထားရှိရန်အလွန်လွယ်ကူပါသည်။ ယင်းတို့သည် သာမန်ကလေးငယ်တစ်ဦး၏ စရိုက်လက္ခဏာများ မဟုတ်ကြပါ။

ကျွန်ုပ်တို့၏ သားသမီးများကို ကိုယ်တိုင်ပြုစုစောင့်ရှောက်နိုင်စွမ်း မရှိသောကာလများကို ကြိုတင်ကာကွယ်ရေးအတွက် ကျွန်ုပ်တို့တတ်နိုင်သမျှ ကြိုးပမ်းရပါမည်။ ကျွန်ုပ်တို့ ဖျားနာခြင်း၊ ပင်ပန်းခြင်းမဖြစ်အောင် ကျွန်ုပ်တို့ ကိုယ်ခန္ဓာကို ဂရုစိုက်ကြရမည်။ အဟာရပြည့်ဝစွာ စားသုံးခြင်း၊ အနားယူခြင်း၊ လေ့ကျင့်ခန်း ပြုလုပ်ခြင်းတို့ကို ဆောင်ရွက်ရမည်။ ကျွန်ုပ်တို့ဝါသနာပါရာ ကိစ္စများကို ပြုလုပ်ခြင်းဖြင့် စိတ်ကိုလန်းဆန်းစေပြီး စိတ်ပင်ပန်းခြင်းကို ကြိုတင်ကာကွယ်ကြရမည်။ ကျွန်ုပ်တို့၏ အိမ်ထောင်ဘက်နှင့် ခိုင်မာလုံခြုံသောဆက်ဆံရေးကား အရေးကြီးဆုံးပင် ဖြစ်ပါသည်။

## စည်းကမ်း – စည်းကမ်းဟူသည်အဘယ်နည်း။

စည်းကမ်း – ကောင်းမွန်ကျနသော ကလေးတစ်ဦးဖြစ်ရေးတွင် ကလေးတစ်ဦးတည်း မိဘများက သူ့အားချစ်ခင်မြတ်နိုး ခံရသည်ဟု ယူဆအောင်ဆောင်ရွက်ရေးသည် စည်းကမ်း၏ အရေးကြီးဆုံးသော အချက်ဖြစ်ပါသည်။ ယင်းအချက်မျှပင် ပြည့်စုံခြင်းမရှိသေးသော်လည်း စည်းကမ်းအတွက် အရေးကြီးဆုံးဖြစ်ပါသည်။

ကလေးတစ်ဦးက ချစ်ခြင်းမေတ္တာကို စစ်မှန်စွာခံစားနားလည်လျှင် စည်းကမ်းချမှတ်ရေးသည် တိုင်းတာ၍မရနိုင်လောက်အောင် ပင်လွယ်ကူလှပါသည်။ ထိုအခါတွင် မိဘများ၏ လမ်းညွှန်မှုကို ရန်လိုအာခံခြင်း၊ ငြင်းဆန်ခြင်းမရှိဘဲ လက်ခံနိုင်စွမ်း ရှိပါလိမ့်မည်။

သင့်လျော်သော ချစ်ခြင်းမေတ္တာတွင် ဖော်ပြခြင်းမပြုရသေးသော အချက်တစ်ခုမှာ အာရုံစူးစိုက်၍ နားထောင်ခြင်းပင်ဖြစ်ပါသည်။ ကလေးငယ်က သူဆက်သွယ်ပြောကြားသည်ကို သင်နားလည်သဘောပေါက်သည်ဟု ယူဆစေရန် နားထောင်ခြင်းကို စူးစိုက်နားထောင်ခြင်းဟု ခေါ်ပါသည်။ သူ၏ခံစားချက်များနှင့် လိုအင်များ သင်နားလည်သဘောပေါက်သည်ဟု ကလေးငယ်သိရှိလျှင် သင်နှင့်စိတ်သဘောထား မတိုင်ဆိုင်သောအခါမျိုးတွင်ပင် ကလေးငယ်က စည်းကမ်းကိုအပြုသဘောဖြင့် လိုလားစွာ တုန့်ပြန်တတ်ပါသည်။ မိဘများက သူ၏ အခြေအနေကို နားမလည်ဟု ကလေးငယ်ယူဆချိန်တွင် ကလေးငယ်အား တစ်ခုခုခိုင်းစေခြင်းလောက် အရာမထင်သော ကိစ္စမရှိပါ။ အကျိုးမသက်ရောက်နိုင်ပါ။ ကလေးငယ်၏ တောင်းဆိုမှု၊ ငြီးတွားမှုကို ဖြည့်ဆည်းပေးရမည်ဟု မဆိုလိုပါ။ ကလေးငယ်၏ ဆိုလိုချက်များကို သဘောပေါက်အောင် စူးစိုက်နားထောင်ရေးကိုသာ ဆိုလိုပါသည်။ ထိုနားထောင်ခြင်းဖြင့် သင်၏ အခွင့်အာဏာကို သုံးသည့်တိုင် သူ၏အယူအဆနှင့် ခံစားချက်များကို လစ်လျူရှုခံရသည်ဟု ကလေးငယ်မှတ်ယူလိမ့်မည် မဟုတ်ပါ။

ကလေးငယ်တစ်ဦးကို သင်နားလည်သဘောပေါက်ခြင်း (သင်နှင့်သဘောထား မတိုင်ဆိုင်စေကာမူ) သည် လွန်စွာအကျိုးသက်ရောက်ပါသည်။ ကလေးငယ်၏ အတွေးအမြင်များနှင့် ခံစားချက်များကို ကလေးငယ်အား ထပ်ကာထပ်ကာ ပြန်ပြောပြခြင်းဖြင့် သင်နားလည် သဘောပေါက်ကြောင်းကို ကလေးငယ် သိရှိမှုခိုင်မာစေပါသည်။

ကလေးငယ်အပေါ်တွင် မြင့်တက်လာနေသော မိဘတစ်ဦး၏ အဆိုးဆုံးရန်သူမှာ မိဘ၏ထိန်းချုပ်မရသော ကိုယ်ပိုင်ခံစားမှု သို့မဟုတ် ဒေါသစိတ်ပင် ဖြစ်ပါသည်။

ဒေါသဖြစ်လွန်းခြင်း အထူးသဖြင့် ဒေါသကိုထိန်းချုပ်မရခြင်းက ကလေးငယ်ကို ဦးစွာခြောက်လှန့်ပါလိမ့်မည်။ ဒေါသကြောင့် ကလေးငယ်၏ အပြုအမူပြုပြင်ရေးကို အထောက်အကူပြုပုံရသော်လည်း ယာယီမျှသာဖြစ်သည်။ ကလေးငယ်ကြီးပြင်းလာသည်နှင့်အမျှ မိဘ၏ဒေါသကြီးမှုကို မလေးစားတော့ပဲ ကလေးငယ်၏ ကိုယ်ပိုင်အမျက်ဒေသနှင့် မခံမရပ်နိုင်ဖြစ်မှုကိုပင် တဖြည်းဖြည်းတိုးတက်လာစေပါသည်။ ထိန်းချုပ်မရသော ခံစားမှုများကြောင့် သင့်ကိုအခြားသူများက အရှိအသေကင်းမဲ့ပါလိမ့်မည်။ ကျွန်ုပ်တို့ အိမ်ထောင်ဘက်နှင့် သားသမီးများအပေါ်တွင် အမျက်ဒေါသမကြီးရန် ခံစားချက်ကို ထိန်းချုပ်ရန် အဘယ်ကြောင့်မစဉ်းစားသင့်ပါသနည်း

တစ်ခါတစ်ရံ ကျွန်ုပ်တို့အမျက်ဒေါသကို မထိန်းချုပ်နိုင်ကြပါ။ သို့သော် နောင်တွင် တောင်းပန်ခြင်းပြုရန် ဝန်မလေးပါနှင့်။ အဆိုးထဲမှ အကောင်းဖြစ်နိုင်သော လုပသည့်နည်းလမ်းတစ်ခု ဖြစ်ပါသည်။ ထိုသို့တောင်းပန်ပြီးနောက် ကလေးငယ်အား နွေးထွေးမှုပြခြင်း၊ နီးကပ်ထိစပ်မှုရှိခြင်းတို့သည် ကလေးငယ်၏ဘဝတွင် မေ့ပျောက်၍မရနိုင်သော အရာများဖြစ်ကြပါသည်။

## စည်းကမ်းနှင့်အပြစ်ဒဏ်

စည်းကမ်းသတ်မှတ်ခြင်းတွင် ကိုယ်ခန္ဓာကို အပြစ်ပေးခြင်းကို အဓိကနည်းလမ်းအဖြစ် အားထားခြင်းသည် စည်းကမ်းနှင့်ပြစ်ဒဏ်တို့ အတူတူပင်ဖြစ်သည်ဟု လွဲမှားစွာမှတ်ယူစေသော အဓိကအမှားဖြစ်သည်။ စည်းကမ်းသည် ကလေးငယ်သွားသင့်သော နည်း

လမ်းအတိုင်းသွားရန် လေ့ကျင့်မှုဖြစ်သည်။ ကားလေ့ကျင့်မှု၏ အစိတ်အပိုင်းတစ်ရပ်သာ ဖြစ်သည်။ အပြစ်ပေးမှုနည်းလေ ကောင်းလေ ဖြစ်သည်။ ကလေးငယ်တစ်ဦးကို ကောင်းမွန်သော စည်းကမ်းသတ်မှတ်မှုတွင် ပြစ်ဒဏ်ပေးမှုနည်းပါးရန် လိုအပ်သည်။ ကလေးငယ်တစ်ဦးမည်မျှ စည်းကမ်းသတ်မှတ်မှုတွင် ပြစ်ဒဏ်ပေးမှုနည်းပါးရန် လိုအပ်သည်။ ကလေးငယ်တစ်ဦး မည်မျှလိုက်နာသည်ဆိုခြင်းကား ထိုကလေးငယ်က သူ့အားမည်မျှ ချစ်မြတ်နိုးခံရသည် လက်ခံသည်ဟူသော ခံယူချက်ပေါ်တွင် အခြေခံအားဖြင့်မူတည် နေပါသည်။

သိုးထိန်းတစ်ဦး၏ နှင်တံသည် သိုးများအား ရိုက်နှက်ရန်မဟုတ်ဘဲ လမ်းညွှန်ရန်သာဖြစ်သည်။

## ဤချဉ်းကပ်မှု၏ရလဒ်များ

ကလေးငယ်များအား ပြစ်ဒဏ်ပေး၍ ပြုစုပျိုးထောင်သောစနစ်တွင် ထိုသို့ပြစ်ဒဏ်ပေးခံရသော ကလေးများသည် အလွန်ငယ်ရွယ်သောကာလတွင်ပင် ထိန်းမနိုင်သိမ်းမရ ဖြစ်တတ်ကြသည်ကို ကျွန်ုပ်တို့တွေ့ဖူးခဲ့ပါသည်။ ကိုယ်ခန္ဓာကို ပြင်းထန်စွာရိုက်နှက် အပြစ်ပေးခံရသော ကလေးများတွင် မည်သည့်အကျိုးသက်ရောက်မှုမျှမရှိဘဲ ကလေးငယ်သည် ထိုသို့ရိုက်နှက်မှုအတွက် ငိုဖို့ပင်မကြိုးစားပေ။ ကျွန်ုပ်ထံသို့ မလာရောက်မီက မိဘများသည် ကလေးများအား သူတို့ကိုပေးသည့် အကြံဉာဏ်အတိုင်း အပြစ်ဒဏ်ပေးခြင်းမျိုးစုံကို ပြုလုပ်ခဲ့ကြသည်။ ဆိတ်ဆွဲခြင်း၊ စည်းကမ်းတင်းကျပ်သော ကလေးပြုစုရေးဌာနများသို့ပို့ခြင်း စသည်တို့ကိုပင် ပြုလုပ်ခဲ့ကြ သည်။ ထိုကိစ္စရပ်တိုင်း၏ ပြဿနာတစ်ခုတွင် မိဘနှင့်သားသမီး သံယောဇဉ် ချည်နှောင်မှုနည်းပါးခြင်းပင် ဖြစ်ပါသည်။ ထိုကလေးများသည် သူတို့အား အမှန်တကယ် ချစ်မြတ်နိုးခြင်းခံရသည်၊ လက်ခံသည်ဟု မခံယူကြတော့ပေ။

## ချစ်ခြင်းမေတ္တာနှင့်ယှဉ်သောစည်းကမ်း

ကလေးငယ်တစ်ဦး၏ အပြုအမူကို ကိုင်တွယ်ဖြေရှင်းနည်းကို နားလည်သဘောပေါက်ရန်အတွက် ကလေးငယ်အားလုံး ယူဆသော အကျိုးအကြောင်းမဆီလျော်သည့် နည်းလမ်းများကို ကျွန်ုပ်တို့နားလည် သဘောပေါက်ကြရပါမည်။ ကလေးအားလုံးသည် ချစ်ခြင်းမေတ္တာ လိုအပ်သည့်ပြင် ချစ်ခြင်းမေတ္တာကို လိုချင်ကြသည်။ သူတို့တွင် ချစ်ခြင်းမေတ္တာ လိုအပ်ကြောင်းနှင့် သူတို့ကိုယ်တိုင် လိုချင်ကြောင်းကို ကလေးငယ်တိုင်း သိရှိကြသည်။ သို့သော် သူတို့လိုအပ်သော လိုချင်သော ချစ်ခြင်းမေတ္တာကို ရှာဖွေသည့်နည်းလမ်းများက ကျိုးကြောင်းဆီလျော်မှု မရှိသည့်ပြင် ရင့်ကျက်မှုလည်းမရှိပေ။

ရှေးဦးစွာ ချစ်ခြင်းမေတ္တာရရှိရေးအတွက် ကျိုးကြောင်းဆီလျော်သော နည်းလမ်းတစ်ခုကို ကြည့်ကြစို့။ ဂျင် (Jim) ဟူသော အမျိုးသားတစ်ဦးက ကာလာ (Carla) ဟုခေါ်သော အမျိုးသမီးတစ်ဦးကို ချစ်ခင်နှစ်သက်သည် ဆိုကြပါစို့။ ကာလ၏အချစ်ကို ဂျင်မ် မည်သို့ရယူလိမ့်မည်နည်း။ သူ၏ ခြေထောက်တစ်ဘက်ကို ရှေ့သို့ထုတ်ပြီး ငြီးငြူကာ၊ နှုတ်ခမ်းစူကာ၊ အပြန်အလှန်ငြင်းခုန်ခြင်း၊ သူ့လိုလားချက်ကိုသာ တောင်းဆိုခြင်း စသည့်မရင့်ကျက်သော အပြုအမူများဖြင့် ရယူလိမ့်မည်လား။ ထိုသို့ပြုလုပ်လိမ့်မည် မဟုတ်ပါ။ ဂျင်သည်သာ ရင့်ကျက်သူတစ်ဦးဖြစ်ခဲ့လျှင် အကောင်းဆုံး အသိပ်မွေ့ဆုံး ကြိုးစားပေလိမ့်မည်။ ရှေ့တွင်ဒူးတစ်ဘက်ထောက်လိုက်ပြီး တည်ငြိမ်အေးဆေးစွာ နားဝင်ချိုသော ချစ်ဖွယ်အမူအရာ ချစ်ဖွယ်စကားများဖြင့် ကြင်နာမှုကိုပြပြီး တောင်းဆိုပေလိမ့်မည်။ အကယ်၍ ကာလာ၏မေတ္တာကို ရရှိရန်မသေချာလျှင်သော်မှ ကလေးဆန်သော အပြုအမူများကို မစဉ်းစားမပြုကျင့်ဘဲ ကာလာ၏ချစ်ခြင်းမေတ္တာကိုရအောင် ကြိုးစားမည်ဖြစ်ပါသည်။

သို့ရာတွင် ဤကား လူကြီးများကဲ့သို့ ကလေးများ ပြုလုပ်သည့်နည်းလမ်း မဟုတ်ပါ။ ကလေးတစ်ဦးသည် မူလအားဖြင့် သူ၏ အပြုအမူနှင့် ဆက်သွယ်လေ့ရှိပါသည်။ သူကမေးခွန်းများကို အဆက်မပြတ်မေးလေ့ ရှိပါသည်။ “သားကိုချစ်လား” ထိုမေးခွန်းကို ကျွန်ုပ်တို့ဖြေဆိုနည်းက အရာများစွာကို ပြဋ္ဌာန်းပါသည်။ ကလေး၏ မိမိကိုယ်မိမိ အထင်ကြီးလေးစားမှု၊ သဘောထားများ၊ ခံစားချက်များ၊ ရွယ်တူဆက်ဆံရေး စသည်စသည်တို့ကို ပြဋ္ဌာန်းပေးပါသည်။ ကလေးများ၏ အပြုအမူအများစုကို ချစ်ခြင်းမေတ္တာကို သူမည်မျှခံယူရရှိသနည်းဟူသော အချက်ပေါ်တွင် မူတည်ပါသည်။

ကောင်းသောအပြုအမူဖြင့် ကျွန်ုပ်တို့၏ ချစ်ခြင်းမေတ္တာနှင့် ကြင်နာမှုကို ရယူမည့်အစား ကလေးတစ်ဦးသည် ကျွန်ုပ်တို့၏ ချစ်ခြင်းမေတ္တာကို သူ၏အပြုအမူဖြင့် သဘာဝအလျောက် စမ်းသပ်လေ့ရှိပါသည်။ ကလေးတစ်ဦးက သူ့အားချစ်သည်ဟု မခံစားရလျှင် သဘာဝအသိအရ သူ့အား “သားကိုချစ်ရဲ့လား” ဟု ချစ်ကြောင်းသိရှိစေရန် အမူအရာအားဖြင့် အမြဲမေးမြန်းပါလိမ့်မည်။ ကလေးတစ်ဦးအတွက် ချစ်ခြင်းမေတ္တာ ကင်းမဲ့ခြင်းလောက် ဆိုးရွားသည့်အရာမရှိပါချေ။

## ကလေးငယ်ဘာကိုလိုအပ်သနည်း

သင့်အားနမူနာတစ်ခု ပြောပါရစေ။ လွန်ခဲ့သော နွေရာသီက ကျွန်ုပ်၏ ၁၆နှစ်သီးလေး ကာရေး (Carey) သည် စခန်းချထွက်သွားပါသည်။ ထိုအချိန်တွင် ကျွန်ုပ်၏ ၉နှစ်အရွယ် သားကလေးက အိမ်တွင်အကြီးဆုံးကလေးဖြစ်နေပြီး ထိုသို့အကြီးဆုံးနေရာ

ရခြင်းကိုလည်း သူသဘောကျပါသည်။ ယခင်ကထက်ပို၍ ပိုမိုရင့်ကျက်စွာပြုမူပြီး တာဝန်များကိုလည်း ပိုမိုဆောင်ရွက်သည်။ ဒေးဗစ် (David) အနေဖြင့် အကြီးဆုံးနေရာကို သဘောကျခြင်းကား ကောင်းပါသည်။

ပြဿနာမှာ ကာရေးက အိမ်သို့မကြာခဏ ပြန်လာတတ်ခြင်းဖြစ်သည်။ သူမပြန်လာသော တစ်နေ့တွင် ဒေးဗစ်၏အမူအရာသည် ယခင်ကအတိုင်းပင် ပြန်ဖြစ်သွားသည်။ သူသည် ငြီးငြူခြင်း၊ နှုတ်ခမ်းဆူခြင်း၊ အလိုမကျခြင်း၊ ဒေါသဖြစ်ခြင်း၊ စိတ်ကောက်ခြင်း စသည်တို့ ပြုလုပ်လာပြန်သည်။

ဘာဖြစ်တာပါလဲ။ အဘယ်ကြောင့် ဒေးဗစ် ဤသို့ချက်ချင်း ပြောင်းလဲရပါသနည်း။ မိဘတစ်ဦးအနေဖြင့် ကျွန်ုပ်ဘာလုပ်သင့်သနည်း။ သူ၏အပြုအမူအတွက် ဒေးဗစ်ကို အပြစ်ပေးရမည်လား။ ကာရေးကို စခန်းပြန်ခိုင်းရမလား။ သူ့ထက်ငယ်သော ၅နှစ်အရွယ် ညီလေးက ဒေးဗစ်ထက်ပို၍ အဆင်ပြေအောင်နေတတ်သည်ဟု ဒေးဗစ်ကိုပြောရမလား။ သင်ကောဘာလုပ်မလဲ။

ကျွန်ုပ်ဘာသင့်သနည်း။ ဘာကြောင့်လုပ်သင့်သည်ကို ရှင်းပြပါရစေ။ စင်စစ် ကာရေးက အိမ်သို့မကြာခဏ ပြန်လာပြီး အကြီးဆုံးကလေး၏နေရာကို ယူခြင်းက ဒေးဗစ်ကိုမခံမရပ်နိုင် ဖြစ်စေခြင်းပင်။ ထိုကိစ္စတွင် ၇နှစ်သားလေး (ထိုစဉ်က ဒေးဗစ် ၇နှစ်သာ ရှိသေးသည်) တစ်ဦးအဖို့ ဖြေရှင်းရန်မလွယ်ကူပေ။ သူ့အပြုအမူများက “ဖေဖေ သားကိုချစ်သလား။ အခု ကာရေးပြန်ရောက်တဲ့အချိန် မှာ သားကအကြီးဆုံးမဟုတ်တော့ သားကိုချစ်သေးရဲ့လား။ ကာရေးနဲ့သား ဘယ်သူ့ကိုပိုချစ်လဲ။ ကာရေးကပိုပြီး အရေးကြီးလား။ ကာရေး ကသားအချစ်ကို လုယူနိုင်သလား” ဟူသော မေးခွန်းများကို မေးနေခြင်းဖြစ်ပါသည်။ ထိုအချိန်တွင် ကလေးများအဖို့ အသည်းနှလုံး ခိုက်အောင်နာကြင်ခံစား ကြရလေ့ရှိပါသည်။

ထိုအချိန်တွင် ဒေးဗစ်ကို အပြစ်ပေးပါက သူ၏ “သားကိုချစ်သလား” ဟူသော သူ၏မေးခွန်း၏အဖြေကို ဒေးဗစ်မည်သို့ယူဆ ပါမည်နည်း။ ကျွန်ုပ်သည် ဒေးဗစ်ကို ချက်ချင်းပင် တစ်ဦးတည်းခေါ်ကာ သူ့ကိုဖက်ထားပြီး အတူတကွ အချိန်အတန်ကြာအောင် စကား ပြောကြပါသည်။ သူ့အား ကျွန်ုပ်မည်မျှချစ်ကြောင်းကို ယောကျ်ားကလေးများအား ပြုမူဆက်ဆံသောနည်းကို ကျွန်ုပ်မကြာခဏ အသုံး ပြုပါသည်။ မျက်လုံးနှင့် ခန္ဓာကိုယ်ဆက်သွယ်မှု ပြုပါသည်။ သူ၏ စိတ်ခံစားမှု လျော့ပါးသွားကာ ချစ်ခြင်းမေတ္တာဖြင့် ပြည့်ဝလာပြီး ပျော်ရွှင်လာပါသည်။ သူအပြင်သို့ ကစားရန်ထွက်မသွားမီ ၁၅မိနစ်၊ မိနစ် ၂၀ခန့် အချိန်ယူခဲ့ရပါသည်။ ဒေးဗစ်သည် စိတ်ချမ်းသာနေ ပြီး ကောင်းစွာပြုမူဆက်ဆံပါသည်။ ကျွန်ုပ်တို့ စကားမပြောခင်အချိန်အထိ အရေးကြီးသော ကာလတစ်ခု ဖြစ်နေပါသည်။ ထိုသို့ အတူ တကွ စကားပြောခဲ့ကြရခြင်းကို ဒေးဗစ်ဘယ်တော့မှ မေ့မည်မဟုတ်ဟု ကျွန်ုပ်ယုံကြည်ပါသည်။ ကျွန်ုပ်လည်း မေ့လိမ့်မည်မဟုတ်ပါ။

ကျွန်ုပ်တို့၏ သားသမီးများ မလျော်ကန်စွာ ပြုမူကြသောအခါ ကျွန်ုပ်တို့ ကိုယ့်ကိုယ်ကို “ဤကလေးဘာကို လိုအပ်သနည်း” ဟုမေးကြည့်ကြရပါမည်။ မိဘများအနေဖြင့် “ဒီကလေးရဲ့အကျင့်ကို ဘယ်လိုပြင်ရမလဲ” ဟုသာ မေးရန်အားသန်လေ့ရှိကြပါသည်။ ထို မေးခွန်းက ကလေးငယ်အား အပြစ်ပေးရေးကိုသာ ဦးတည်စေပါသည်။

ကျွန်ုပ်တို့ကိုယ်ကျွန်ုပ် နောက်တစ်ဆင့်မေးရမည်မှာ “သည်ကလေးအတွက် မျက်လုံးချင်းဆက်သွယ်မှုကို လိုအပ်နေသလား၊ ခန္ဓာကိုယ်ဆက်သွယ်မှု လိုအပ်နေသလား၊ အလေးပေး စူးစိုက်မှုလိုနေသလား” ဟူ၍ဖြစ်ပါသည်။ အဆိုပါ အပြုအမူသည် ဖေါ်ပြသော လိုအပ်ချက်များအနက် တစ်ခုခုကြောင့်ဖြစ်လျှင် အဆိုပါလိုအပ်ချက်ကို ဦးစွာဖြည့်ဆည်းပေးရပါမည်။

ထိုအချက်က ကျွန်ုပ်၏ ၅နှစ်သားကလေးနှင့် လတ်တလောအဖြစ်အပျက်ကို သတိပေးခဲ့ပါသည်။ ကျွန်ုပ်သည် မြို့၏ပြင်ပသို့ ရက်အတန်ကြာ ခရီးထွက်ပြီးနောက် အိမ်သို့ပြန်ရောက်လာခဲ့သည်။ ကျွန်ုပ်တို့၏သားကလေး ဒေးလ် (Dale) သည် ကျွန်ုပ်အပါအဝင် လူတိုင်းကို စိတ်မရှည်အောင် တစ်နည်းတစ်ဖုံ အနှောင့်အယှက်ပေးနေခဲ့သည်။ ဒေးလ်သည် တစ်အိမ်လုံး အထူးသဖြင့် ၉နှစ်သားအရွယ် သူ့အစ်ကို ဒေးဗစ်ကို ကသိကအောက်ဖြစ်အောင် အမျိုးမျိုး ကိုးရိုးကားရားလုပ်ပြီး အရွဲ့တိုက်နေခဲ့သည်။ ဒေးဗစ်စိတ်တိုအောင် မည်သို့ ပြုလုပ်ရမည်ကို ဒေးလ်ကောင်းစွာ သဘောပေါက်သည်ကို သင်သတိပြုမိပါလိမ့်မည်။ ဒေးဗစ်ကလည်း ဒေးလ်ကို ဤသို့ပြန်၍ပြုမူနိုင် ပါသည်။ ကလေးတစ်ဦးက ကလေးတစ်ဦးကို စိတ်အနှောင့်အယှက်ပေးနေခြင်းသည် ထိုကလေး၏ စိတ်ခံစားမှုလိုအင်ကို ဖြည့်ဆည်းပေး ရန်လိုနေကြောင်းပြသသည့် သဲလွန်စတစ်ခုဖြစ်ကြောင်း ကျွန်ုပ်နှင့် ဇနီးသည်တို့ သိရှိခဲ့ပါသည်။

ထိုနေ့တွင် ဒေးလ်သည် သူ့အစ်ကိုကို မခံချင်အောင် ပြုလုပ်နေသည်။ နှုတ်ခမ်းစူခြင်း၊ မဖြစ်နိုင်သော တောင်းဆိုမှုများပြုခြင်း၊ စသည်ဖြင့် နည်းမျိုးစုံသုံးနေပါသည်။ ကျွန်ုပ်၏ ပကတိရည်ရွယ်ချက်မှာ သူ့ကိုတစ်ခုခုအရေးယူရပေမည်။ သူ့အခန်းထဲသို့ ဝင်ခိုင်းနိုင် သည်။ အိပ်ရာဝင်ခိုင်းနိုင်သည်။ ရိုက်ကောင်းရိုက်လိုက်နိုင်ပါသည်။ “သူဘာလိုအပ်သလဲ” ဟု ကျွန်ုပ်စဉ်းစားမိသည်။ အဖြေကချက်ချင်း ပေါ်လာသည်။ ကျွန်ုပ်က အိမ်နှင့်ရက်အတန်ကြာ ကင်းကွာသွားသည်။ သူကျွန်ုပ်ကို ၃ရက်ခန့်မတွေ့ရပါ။ သူ့ကိုလည်း သေသေချာချာ ဂရုစိုက်မှု မပေးနိုင်ခဲ့ပါ။ (အလေးပေးစူးစိုက်မှု မရှိခဲ့ပါ။) ထိုကလေးက “ဖေဖေ သားကိုချစ်သလား” ဟူသော မေးခွန်းဟောင်းကိုပင် မေးနေခြင်းဖြစ်ပါသည်။ စင်စစ် ဒေးလ်က “ဖေဖေ အကြာကြီးသွားနေတာ သားကိုချစ်သေးရဲ့လား။ ဖေဖေဒီလိုသွားနေတာ သားကိုမထိ ခိုက်ဘူးထင်လို့လား” ဟုမေးနေခြင်းပင် ဖြစ်သည်။ သို့ဖြင့် သူ၏အပြုအမူသည် ရုတ်တရက်ပြောင်းလဲသွားခဲ့ခြင်း ဖြစ်သည်။ သူသည် ဖခင်ကို လိုအပ်နေသည်။ ဖခင်က သူလိုအပ်သော အလေးပေးဂရုစိုက်မှုကို မတုန့်ပြန်မိခဲ့ပေ။ သူလိုချင်တာကို ဖြည့်ဆည်းမပေးဘဲ တစ် ခုခုများ ကျွန်ုပ်ပြုလုပ်ခဲ့လျှင် သူ၏အပြုအမူသည် ပို၍ဆိုးရွားလာပေလိမ့်မည်။ ထိုသို့ပြုခဲ့လျှင် သူ့အားရိုက်ခဲ့မိလျှင် ကျွန်ုပ်ကိုယ်တိုင် နာကြင်ခံစားရမည့်အပြင် သူ့အားဖြည့်ဆည်းပေးရမည့် အထူးအခွင့်အလမ်းတစ်ခုကို လက်လွှတ်ဆုံးရှုံးသွားရပေတော့မည်။

ဒေးလ်အား အပြစ်မပေးမိခြင်းအတွက် မိမိကိုယ်မိမိ ကျေးဇူးတင်မိပါသည်။ ဒေးလ်ကို ကျွန်ုပ်တို့၏ အိမ်ခန်းထဲသို့ ခေါ်သွားပြီး သူ့ကိုဖက်ထားပါသည်။ မည်သည့်စကားမျှ မပြောပါ။ အလွန်တက်ကြွလှုပ်ရှားသော ကလေးငယ်သည် ကျွန်ုပ်ကိုမှီ၍ ငြိမ်သက်နေပါ

သည်။ သူသည် ကျွန်ုပ်နှင့်အတူထိုင်နေပြီး ထိတွေ့ကိုင်တွယ်၍မရသော ပြုစုပျိုးထောင်မှုတွင် ငြိမ်သက်မိန်းမောနေပါသည်။ သူ၏ ခံစားမှုကျေနပ် ပြည့်ဝသွားသည်နှင့် သူသက်ဝင်လှုပ်ရှားလာပါတော့သည်။ သူ၏ယုံကြည်ချက်များကို အဆက်မပြတ် သက်တောင့် သက်သာဖြင့် ခရားရေလွှတ်ပြောပြပါတော့သည်။ ကျွန်ုပ်၏ ခရီးထွက်ခြင်းအကြောင်းကို ခဏမျှသာပြောပြီးသောအခါ သူကခုန်ဆင်းပြီး ပြေးထွက်သွားပါတော့သည်။ ဘယ်ကိုသွားပါသနည်း။ သူ့အစ်ကိုကို ရှာဖွေရန်ဖြစ်ပါတော့သည်။ ကျွန်ုပ်မိသားစုအခန်းသို့ လျှောက်သွား သောအခါ သူတို့ညီအစ်ကိုနှစ်ဦး သင့်မြတ်စွာကစားနေကြသည်ကို တွေ့လိုက်ရပါတော့သည်။

ထို့ကြောင့် ကျွန်ုပ်တို့ကိုယ်ကို ကျွန်ုပ်တို့ "ဒီကလေးဘာလိုအပ်သလဲ" ဟုမေးရန် မည်မျှအရေးကြီးကြောင်း သိမြင်နိုင်ပါသည်။ ထိုသို့မမေးပါက ကလေးငယ်၏ လွဲမှားသောအပြုအမူကို ခုတ်ရာတခြား ရှရာတလွဲ ကိုင်တွယ်ဖြေရှင်းမိပေလိမ့်မည်။ သူ့အား အလေး ပေးစူးစိုက်မှုပေးရမည့် အထူးအခိုက်အတန့် ကလေးကိုလည်း လက်လွတ်သွားပေလိမ့်မည်။ ထိုအချိန်တွင် ကလေးငယ်ကို အပြစ်ပေးမိ ပါက ကလေးငယ်အတွက် ထိခိုက်ခံစားရပြီး ဒေါသနှင့် မခံမရပ်နိုင်မှုများသာ တိုးတက်လာပေတော့မည်။ အပြစ်ပေးခြင်းကို နောက်ဆုံး ဖြေရှင်းနည်းအဖြစ်သာ သုံးသင့်သည်။ လွဲမှားသော အပြုအမူကို စစ်မှန်သော ချစ်ခြင်းမေတ္တာဖြင့်သာ ဖြေရှင်းရပေမည်။

## ရုပ်ပိုင်းဆိုင်ရာပြဿနာရှိပါသလား

လွဲမှားသောအပြုအမူနှင့် ကြုံတွေ့ရသောအခါ ကျွန်ုပ်တို့နောက်ထပ် မေးရမည့်မေးခွန်းမှာ "ဒီအပြုအမူမျိုးဖြစ်လာစေတဲ့ ရုပ်ပိုင်းဆိုင်ရာ ပြဿနာများရှိနေသလား" ဟူ၍ပင်ဖြစ်ပါသည်။ ကလေးငယ် အသက်ငယ်လွန်းလျှင် ရုပ်ပိုင်းဆိုင်ရာ လိုအပ်ချက်ကပို၍ သက်ရောက်လေဖြစ်ပါသည်။ ငါ့သားကလေး ဆာနေသလား။ မောနေသလား။ နေမကောင်းလို့လား။ အအေးမိလို့လား။ ဖျားလို့လား။ ကိုယ်လက်ကိုက်ခဲနေလို့လား။ ဒါမှမဟုတ် မအီမသာဖြစ်လို့လား။

ယင်းသည် လွဲမှားသော အပြုအမူကိုခွင့်လွှတ်ရမည်ဟု ဆိုလိုခြင်းမဟုတ်ပါ။ လွဲမှားသောအပြုအမူ ဖြစ်ရခြင်း၏အကြောင်းရင်း နှင့်လွဲမှားသော အပြုအမူကို ကျွန်ုပ်တို့ ဂရုစိုက်စောင့်ရှောက်ကိုင်တွယ်မှုသည် သေချာစေရမည်ဟု ဆိုလိုခြင်းဖြစ်ပါသည်။

ခွင့်လွှတ်တတ်ခြင်း

လွဲမှားသောအပြုအမူအတွက် ကလေးများအား အပြစ်ပေးရန် မသင့်လျော်ဆုံးသော အချိန်သည် ကလေးငယ်က သူ၏ပြုလုပ်မှု အတွက် အမှန်တကယ်နောင်တရနေသော အချိန်ပင်ဖြစ်သည်။ ထိုအန္တရာယ်သည် အခြေခံအားဖြင့် နည်းလမ်း ၂သွယ်ဖြင့် ပေါ်ပေါက် လာသည်။

ဦးစွာ ကလေးငယ်သည် သူ၏မသင့်လျော်သော ပြုလုပ်မှုအတွက် အမှန်တကယ် ဝမ်းနည်းနေလျှင် သူ၏အသိသည် ကောင်းစွာ ရှင်သန်နေသောကြောင့် ဖြစ်သည်။ ထိုအရာကိုပင် သင်လိုချင်သည်မဟုတ်ပါလား။ သူ၏အမှားမှ သင်ခန်းစာကို သူရရှိပြီးဖြစ်ပါသည်။ ကြံ့ခိုင်ကောင်းမြတ်သော အသိစိတ်ဟူသည် မသင့်လျော်သော အပြုအမူကို ထပ်မံပြုလုပ်ခြင်း မရှိစေရန် အကောင်းဆုံးထိန်းချုပ်ခြင်း ပင်ဖြစ်သည်။ အပြစ်ပေးခြင်း၊ အထူးသဖြင့် ကိုယ်ခန္ဓာကို အပြစ်ပေးခြင်းသည် ကလေးငယ်အား သူ့ကိုယ်သူအပြစ်မကင်း စိတ်ကိုဖယ် ရှားစေနိုင်ပြီး ထိုအပြစ်မကင်းစိတ်၏ မသက်မသာဖြစ်မှုကို မေ့လျော့သွားကာ လွဲမှားသော အပြုအမူကိုပြန်လည် ပြုလုပ်တတ်ပါသည်။

ဒုတိယနည်းလမ်းမှာ အဆိုပါ အခြေအနေမျိုးတွင် ကလေးငယ်အား အပြစ်ပေးခြင်းသည် ဒေါသကိုဖြစ်ပေါ်စေသည်။ ကလေး ငယ်က သူ၏ပြုလုပ်မှုအတွက် အမှန်တကယ် နောင်တရသွားလျှင် သူ၏အသိစိတ်က သူ့ကိုကောင်းစွာဆုံးမပြီး ဖြစ်ပါသည်။ သူ့ကို သူအပြစ်ပေးပြီး ဖြစ်ပါသည်။ သူက သင်၏ချစ်မြတ်နိုးမှုကို အလေးအနက်လိုအပ်နေချိန်တွင်မှ သင်ကသူ့ကို ရိုက်နှက်အပြစ်ပေးလျှင် သူ့အတွက် ရင်နင့်အောင် ထိခိုက်နာကြင်ရပေလိမ့်မည်။

ထိုအခြေအနေတွက် သမ္မာကျမ်းစာသည် အမှန်တကယ် အထောက်အကူပြုပါသည်။ ကျွန်ုပ်တို့ အမှားပြုမိပြီး ပြုမိသောအမှား အတွက် နောင်တရလျှင် ဘုရားသခင် ဘာလုပ်ပါသနည်း။ ကျွန်ုပ်တို့အား ခွင့်လွှတ်ခြင်းပင် ဖြစ်ပါသည်။

ကလေးတစ်ဦးက သူ၏ပြစ်မှုအတွက် နောင်တကြီးစွာ ရနေချိန်တွင် သူ့အားအပြစ်ပေးခြင်း အထူးသဖြင့် ကိုယ်ခန္ဓာကို ရိုက် နှက်အပြစ်ပေးခြင်းလောက် ကလေးငယ်၏ဒေါသ၊ မခံမရပ်နိုင်ဖြစ်မှုနှင့် မုန်းတီးစိတ်ကို နှိုးဆွပေးသောအရာမရှိဟု ကျွန်ုပ်ယူဆပါသည်။ ထိုအချိန်မျိုးတွင် ကျွန်ုပ်တို့အနေဖြင့် ခွင့်လွှတ်ရန်မှတစ်ပါး အခြားမရှိတော့ပါပြီ။

## ပျက်စီးနေသောပြတင်းတံခါး

ခက်ခဲပင်ပန်းသောနေ့တစ်နေ့ ပြဿနာများစွာ ကြုံတွေ့ခဲ့ရသော နေ့တစ်နေ့ကိုဖြတ်သန်းပြီး ကျွန်ုပ်အိမ်သို့ပြန်ရောက်လာပြီး မကြာခင်မှာပင် ဖြစ်ပါသည်။ ကျွန်ုပ်သည် ပင်ပန်းလွန်းပြီး စိတ်လက်မကြည်မသာလှပေ။ ကားပေါ်မှဆင်းလိုက်သည်နှင့် တပြိုင်နက် ကျွန်ုပ်၏ ၉နှစ်အရွယ်သားကလေး ဒေးဗစ်က ထုံးစံအတိုင်း အားရပါးရပြေးကာ ကျွန်ုပ်ကိုခုန်၍ဖက်လိုက်ပါသည်။ သည်တစ်ကြိမ်တွင်

တော့သူ့အမူအရာ တစ်မျိုးဖြစ်နေသည်။ သူ၏မျက်နှာတွင် ညှိုးငယ်ပုံပေါက်နေသည်။ သူ၏မျက်လုံးပြာကြီးများဖြင့် ကျွန်ုပ်အား စိတ်မကောင်းစွာကြည့်နေသည်။ "ဖေဖေ ကိုပြောစရာရှိတယ်" ဟုပြောပါသည်။

ကျွန်ုပ်စိတ်မကြည်လင်သောကြောင့် ပြဿနာကို ကျွန်ုပ်ဖြေရှင်းနိုင်မည်ဟု မယုံရဲသောကြောင့် "နောက်မှပြောကြတာပေါ့နော် ဒေးဗစ် ဟုတ်ပြီနော်" ဟုပြောလိုက်သည်။

ဒေးဗစ်က ကျွန်ုပ်အားထက်သန်စွာ ကြည့်ပြီး "သားတို့အခုပြောလို့ မရဘူးလား ဖေဖေ" ဟုထပ်ပြောပါသည်။

ထိုခဏတွင် ကျွန်ုပ်သည် အိမ်နောက်ဘက်တံခါးဆီသို့ တံခါးဖွင့်ရန် ရောက်ရှိလာခဲ့ပြီး ပြတင်းပေါက်တစ်ချပ်ကွဲနေသည်ကို သတိပြုမိခဲ့သည်။ ဒေးဗစ်၏ စိတ်ထဲတွင် ဘာပြောချင်သည်ကို ကျွန်ုပ်ရိပ်စားမိပြီး ဖြစ်ပါသည်။

စိတ်ရှုတ်ထွေးပြီး ပင်ပန်းနွမ်းနယ်နေသဖြင့် ထိုကိစ္စကို အမောဖြေပြီးမှ ဖြေရှင်းတော့မည်ဟု ဆုံးဖြတ်ထားလိုက်သည်။ သို့သော် ဒေးဗစ်က ကျွန်ုပ်နောက်မှလိုက်လာပြီး "ဒီကိစ္စကို သားတို့အခုပြောရအောင်နော် ဖေဖေ" ဟုအသနားခံပါသည်။

ထိုသို့ အသနားခံသော မျက်နှာဖြင့်ပြောသည်ကို ကျွန်ုပ်ဘာပြောနိုင်ပါမည်နည်း။ "ကောင်းပြီလေ ဒေးဗစ်။ ကဲ သားဘာပြောချင်တာလဲ ပြောလေ" (မသိချင်ရောင်ဆောင်၍)

ဒေးဗစ်က သူနှင့်သူ့သူငယ်ချင်း မည်သို့ ဘော့စ်ဘောကစားကြကြောင်း၊ အိမ်နားသို့ရောက်သွားပြီး ဘောလုံးက ပြတင်းပေါက်မှန်ကိုမည်ကဲ့သို့ ထိမှန်ကွဲသွားကြောင်း၊ သူလုပ်တာမှားသွားကြောင်းနှင့် ထိုကိစ္စအတွက် စိတ်မကောင်းဖြစ်နေကြောင်းကို ပြောပြပါသည်။ သူက တကယ်ပင်နောင်တရဟန်ဖြင့် "ဒီလိုဖြစ်သွားတော့ကော သားကိုဖေဖေချစ်တာပဲလား" ဟုမေးလိုက်ပါသည်။

ထို့ကြောင့် သားကို ကျွန်ုပ်ပေါင်ပေါ်တွင် ထိုင်ခိုင်းလိုက်ကာ ခဏတာမျှ တင်းကျပ်စွာဖက်ထားလိုက်ပါသည်။ ပြီးနောက် ကျွန်ုပ်က "ကိစ္စမရှိပါဘူး ဒေးဗစ်။ ဒီလိုပဲဖြစ်တတ်တာပေါ့။ ပြင်တင်းပေါက်ကို တို့သားအဖ ပြင်လိုက်ရင်ရတာပဲ။ နောက်တစ်ခါ ပြတင်းပေါက်နဲ့ ခပ်ဝေးဝေးမှာကစားနော်၊ ဟုတ်ပြီလား" ဟုပြောလိုက်ပါသည်။

ယင်းသည်ကား ထူးခြားသော အခိုက်အခါကလေးတစ်ခု ဖြစ်ပါသည်။ ဒေးဗစ်ခမျာ လုံးဝစိတ်သက်သာရာ ရသွားသည်။ သူက ခဏမျှငိုလိုက်ပြီး ကျွန်ုပ်၏လက်မောင်းပေါ်တွင် အတန်ကြာဖက်တွယ်နေပါသည်။ သားငယ်၏ နှလုံးသားမှစီးဆင်းလာသော ချစ်ခြင်းမေတ္တာကို ကျွန်ုပ်ခံစားသိရှိနေပါသည်။ ကျွန်ုပ်ဘဝ၏ အံ့သြဖွယ်အကောင်းဆုံး အခိုက်အတန့်လေးတစ်ခု ဖြစ်ပါတော့သည်။ ဒေးဗစ်ကားအရင်ကလိုပင် ပျော်ရွှင်၍ကြည်လင်ဝင်းပ နေပါတော့သည်။ သူကထပြီး ထွက်သွားပါတော့သည်။

ကလေးတစ်ဦးအား သူ၏လွဲမှားသော လုပ်ရပ်အတွက် ခွင့်လွှတ်ခံရသောအခါ သူ၏အပြုအမူအတွက် နောက်ဆက်တွဲအကျိုးဆက်ကို မခံစားရတော့ဟု ဆိုလိုခြင်းမဟုတ်ပါ။ အလျော်အစားပေးရန် သတ်မှတ်လိုက သတ်မှတ်နိုင်ပါသည်။ ဒေးဗစ်ကြောင့် ပြတင်းပေါက်မှန်ကွဲသည့်ကိစ္စတွင် ကွဲသွားသောမှန်အတွက် ဒေးဗစ်ကိုအလျော်ပေးစေနိုင်ပါသည်။ သို့သော် ထိုသို့အလျော်ပေးမှုသည် ကလေးငယ်၏အသက်အရွယ်၊ ဖွံ့ဖြိုးမှုအဆင့်နှင့် အလျော်အစားပေးနိုင်စွမ်းတို့နှင့် သေချာစွာလိုက်လျောညီထွေ ရှိရပါမည်။

## စည်းကမ်း – တောင်းဆိုခြင်း၊ အမိန့်ပေးခြင်း၊ ခြိမ်းခြောက်ခြင်းနှင့် အပြစ်ပေးခြင်း

### တောင်းဆိုခြင်း

ကလေးတစ်ဦးထံမှ မှန်ကန်သော အပြုအမူတစ်ရပ်အတွက် ဦးစွာ ထိုအပြုအမူကို ပြုကျင့်ရေးအတွက် တောင်းဆိုရန်လိုအပ်သည်။ မိဘများက ထိုအပြုအမူကို တောင်းဆိုလျှင် ကလေးငယ်က သူ့တွင် တွေးခေါ်နိုင်စွမ်းနှင့် သူကိုယ်တိုင် ဆုံးဖြတ်နိုင်စွမ်းရှိသည်ကိုမိဘများ နားလည်သိရှိကြောင်း ထိုအပြုအမူကို ထိန်းချုပ်ရန်နှင့် ထိုအပြုအမူအတွက် တာဝန်ရှိမှုကို သိရှိနားလည်ရန်တို့ကို ကလေးငယ်သဘောပေါက်ပေသည်။ အမိန့်ပေးခြင်းထက် တောင်းဆိုခြင်းကို တတ်နိုင်သမျှ အသုံးပြုပါက သူ၏ကိုယ်ပိုင်အပြုအမူကို သူကိုယ်တိုင်ပုံသွင်းရေးတွင် မိဘများက ကူညီနေကြောင်း ကလေးငယ်က ယူဆလာပေလိမ့်မည်။ ထို့ကြောင့် တောင်းဆိုခြင်းသည် အရေးကြီးသည်။

### အမိန့်ပေးခြင်း

တောင်းဆိုမှုများက မထိရောက်သောအခါတွင်မှ အမိန့်ပေးခြင်းကို အသုံးပြုရပါလိမ့်မည်။ ကလေးငယ်တစ်ဦးအား တောင်းဆိုထားသောအရာတစ်ခုကို ကလေးငယ်က အောင်မြင်အောင် မဆောင်ရွက်လျှင် ဆောင်ရွက်ရန် ပျက်ကွက်လျှင် အမိန့်ပေးမှု ပေါ်ပေါက်လာရပါမည်။ မိဘများက တစ်ခုခုကိုမပြုလုပ်မီ ၎င်းတို့တောင်းဆိုမှုသည် ကလေးငယ်၏အသက် သဘောပေါက်မှုနှင့် ဆောင်ရွက်နိုင်မှုစွမ်းရည်တို့နှင့် ကိုက်ညီဆီလျော်မှု သေချာစေရန် ပြုလုပ်ရပါမည်။ ထိုကိစ္စနှင့် ပတ်သက်၍ မကြာခဏပြုလုပ်တတ်သော အမှားမှာ ကလေးငယ် စွမ်းဆောင်နိုင်ပုံရသော်လည်း တကယ်တန်းမစွမ်းဆောင်နိုင်သောကိစ္စကို တောင်းဆိုခြင်း၊ စေခိုင်းခြင်းပင်ဖြစ်ပါသည်။

မိဘများသည် အမိန့်ပေးခြင်း၊ ကြိမ်းမောင်းခြင်း၊ ဆူပူခြင်း သို့မဟုတ် အော်ဟစ်ခြင်းတို့ကဲ့သို့သော အခွင့်အာဏာပြနည်းလမ်း

များကို အသုံးပြုသဖြင့် ထိရောက်မှုနည်းပါးသည်ကို တွေ့ရှိရသည်။ မိဘများက ချိုသာသောကောင်းဆိုမှုကို ပုံမှန်ပြုလုပ်လေ့ရှိပါက တစ်ခါတစ်ရံ တိုက်ခိုက်အမိန့်ပေးမှုကို သုံးစွဲခြင်းက ထိရောက်ပါသည်။ ကလေးငယ်၏ အပြုအမူကို အသိမ်မွေ့ဆုံး စဉ်းစားဆင်ခြင်မှု အရှိဆုံးနှင့် ချစ်မြတ်နိုးဖွယ် အကောင်းဆုံးနည်းလမ်းဖြင့် ထိန်းချုပ်ရပါမည်။

## ဖိဆန်ခြင်း၊ နာခံမှုမရှိခြင်း

ဖီဆန်ခြင်း သို့မဟုတ် နာခံမှုမရှိခြင်းသည် အပြစ်ပေးရေးအတွက် ရည်ညွှန်းချက်တစ်ရပ်ဖြစ်ပါသည်။ ဖီဆန်ခြင်းသည် အခွင့်အာဏာကို အထူးသဖြင့် မိဘ၏ အခွင့်အာဏာကို ပြောင်ပြောင်တင်းတင်း ငြင်းဆန်ခြင်း၊ စိန်ခေါ်ခြင်းပင်ဖြစ်သည်။ အခွင့်အာဏာကို နာခံရန် ခေါင်းမာစွာငြင်းဆန်ခြင်းဟု ဆိုနိုင်သည်။ အဆိုပါ ကာလမျိုးတွင် အပြစ်ဒဏ်ပေးခြင်းကို ရည်ညွှန်းရမည်ဖြစ်ပြီး ကျွန်ုပ်တို့ မည်သို့ပင် ကြိုးပမ်းအားထုတ်စေကာမူ ထိုကာလမျိုးကား ဖြစ်လေ့ဖြစ်ထရှိတတ်ပါသည်။ ထိုသို့သော စိတ်မချမ်းသာဖွယ် ထိပ်တိုက် ရင်ဆိုင်မှုမျိုးကိုမူ မိဘများက ရှောင်ရှားရပါမည်။

ထိုသို့ အခြေအနေမျိုးကား ဖြစ်တောင့်ဖြစ်ခဲရှိလှပါသည်။ ထိုသို့ဖြစ်လာပါကလည်း အပြစ်ဒဏ်ပေးခြင်း မပြုမီအရာရာကို စဉ်းစားချင့်ချိန်ဖို့ လိုပါသည်။

## သင့်လျော်သောအပြစ်ပေးမှု

သင့်တော်သော ပြစ်ဒဏ်ကို စဉ်းစားရန်လွယ်ကူသည်တော့ မဟုတ်ပါချေ။ ပြစ်ဒဏ်သည် ပြစ်မှုနှင့်မျှတရမည်။ ပြစ်ဒဏ်ကို စဉ်းစားလျှင် မိဘများအနေဖြင့် အလျှော့အတင်း ပြုလုပ်တတ်ရပါမည်။

အလျှော့အတင်း ပြုလုပ်ရန်လိုအပ်ခြင်းအတွက် အခြေခံအကြောင်းတရားများစွာ ရှိပါသည်။ ဦးစွာ မိဘကအမှား ပြုလုပ်မိသည်။ မိဘအနေဖြင့် သူ၏စိတ်ကိုပြောင်းလဲ၍ဖြစ်စေ လျှော့ချ၍ဖြစ်စေ သို့မဟုတ် အပြစ်ဒဏ်ကို တိုးမြှင့်၍ဖြစ်စေ ပြုလုပ်နိုင်ပါသည်။ (ယင်းသည် ကိုယ်ခန္ဓာအား အပြစ်ပေးခြင်းကို တစ်ကြိမ်ပြုလုပ်ပြီးပါက ပြောင်းလဲ၍မရသော ဆိုးကျိုးသက်ရောက်မှုရှိသည်ကို သတိထားပါ။)

ဥပမာ အိပ်ခန်းထဲတွင် တစ်နာရီနေရမည်ဟူသော အပြစ်ဒဏ်ကို ချမှတ်သည်ဆိုပါစို့။ နောင်သောအခါ ထိုအပြစ်ဒဏ်သည် ပြင်းထန်လွန်းသည်ဟု မိဘကသတိပြုမိသည်ဆိုလျှင် ထိုအကြောင်းကို ကလေးငယ်အား ရှင်းပြပြီး အပြစ်ဒဏ်ကို လျှော့ချနိုင်ပါသည်။

မိဘများအနေဖြင့် လိုအပ်ပါက ၎င်းတို့၏ချဉ်းကပ်မှုကို ပြောင်းလဲရေးအတွက် အလျှော့အတင်း ပြုလုပ်နိုင်စွမ်းရှိရမည်။ တိုးသာဆုတ်သာရှိရမည်။ မလျှော့မတင်း စီစဉ်တတ်ရပါမည်။ ထို့ပြင် ကလေးများအား တောင်းပန်ရန်လည်း ဝန်မလေးသင့်ပါ။

ကျွန်ုပ်တို့၏ မျှော်မှန်းချက်များသည် တင်းကျပ်လွန်းနေပါက ( ဥပမာ ၂နှစ်သား ကလေးငယ်အား ပထမဆုံးတောင်းဆိုချက်ကိုစွဲမြဲစွာ လိုက်နာစေလိုခြင်း) ကျွန်ုပ်တို့အနေဖြင့် သဘာဝယုတ္တိမကျပေ။ ၂နှစ်သားကလေးငယ်သည် သဘာဝအရ တစ်ချိန်လုံးဆန့်ကျင်သည့်သဘော ရှိနေပါသည်။ ဤသို့ ဆန့်ကျင်နေခြင်းသည် ကလေးငယ်၏ ပုံမှန်အတိုင်းဖွံ့ဖြိုးသော အဆင့်သာဖြစ်ပြီး ယင်းကို "၂နှစ်သားအရွယ်၏ ဆန့်ကျင်မှုသဘာဝ" ဟုခေါ်ရပါမည်။ ထိုကိစ္စအတွက် အပြစ်ပေးခြင်းကား အဓိပ္ပါယ်မရှိပါ။ ကလေးငယ်၏ အပြုအမူအတွက် မိဘများက သူ့အား ပွေ့ချီခြင်း၊ တည့်မတ်ပေးခြင်း၊ လမ်းညွှန်ခြင်း စသည်တို့ဖြင့် အနေအထားမှန်သို့ ရောက်အောင် သိမ်မွေ့စွာ ကိုင်တွယ်ရပါမည်။

အဆိုပါ ၂နှစ်သားအရွယ်၏ ဆန့်ကျင်မှုသဘာဝသည် သာမန်ဖွံ့ဖြိုးမှုဖြစ်စဉ်အတွက် အရေးကြီးပါသည်။ ဤကား ကျွန်ုပ်တို့ မိဘများနှင့် ကျွန်ုပ်တို့ စိတ်ပညာသဘောအရ အယူအဆကွာခြားမှုပင် ဖြစ်သည်။ ယင်းသည် ဖီဆန်ခြင်းသဘော သက်ရောက်နိုင်သည်။ သို့သော် ဖီဆန်ခြင်းနှင့် လုံးဝခြားနားပါသည်။ ဖီဆန်ခြင်းနှင့် ဆန့်ကျင်ခြင်း၏ ခြားနားချက်တစ်ရပ်မှာ ယှဉ်ပြိုင်အန်တုလိုခြင်းဖြစ်သည်။ ၂နှစ်သားအရွယ်၏ ဆန့်ကျင်မှုသဘာဝသည် သာမန်သဘာဝကိစ္စသာဖြစ်ပြီး အပြစ်မပေးသင့်ပါ။ ယှဉ်ပြိုင်အန်တုလိုသော ဖီဆန်မှုကိုကား သည်းမခံနိုင်ဘဲ ဖြေရှင်းဆောင်ရွက်ရည်သာ ဖြစ်သည်။

"မိဘကသားသမီးကို အပြစ်မပေးလျှင် သားသမီးက မိဘကိုအပြစ်ပေးလိမ့်မည်။"

ခိုင်မြဲခြင်းသည် သာယာမှုမရှိခြင်း၊ စိတ်ချမ်းသာဖွယ်မရှိခြင်းဟူသော အဓိပ္ပါယ်မသက်ရောက်ပါ။ ချစ်ခြင်းမေတ္တာနှင့်ယှဉ်သော ခိုင်မြဲမှုအတွက် ကျွန်ုပ်တို့သည် ဒေါသဖြစ်ခြင်း၊ အော်ဟစ်ခြင်း၊ အာဏာပြခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် စိတ်မချမ်းမသာဖြစ်စေခြင်းတို့ပြုလုပ်ရန် မလိုအပ်ပါ။

ကလေးတိုင်းသည် အလိုအလျောက် တစ်ပြိုင်တည်းဖြစ်သော ချစ်ခြင်းမေတ္တာကို ပြဆိုသည့်နည်းလမ်းများကို တွေ့ကြုံခံစားရန် လိုအပ်ပါသည်။ သူ့အတွက် မျက်လုံးချင်းဆက်သွယ်မှု၊ ခန္ဓာကိုယ်ဆက်သွယ်မှု၊ အလေးပေးစူးစိုက်မှုနှင့် စည်းကမ်းသတ်မှတ်ခြင်းတို့

တစ်ပြိုင်တည်း လိုအပ်ပါသည်။ ကလေးတစ်ဦးသည် ကျွန်ုပ်တို့၏ ချစ်ခြင်းမေတ္တာနှင့် ခိုင်မြဲသောစည်းကမ်းကို ရရှိရမည်။ အဆိုပါ အခြားအရာနှစ်ရပ်စလုံးကို ချန်လှပ်ထား၍မရပါ။ ခိုင်မြဲမှုသည် ချစ်ခင်မြတ်နိုးမှုကို ဆန့်ကျင်ခြင်းမဟုတ်ပါ။ ချစ်ခင်မြတ်နိုးခြင်းသည် လည်းခိုင်မြဲမှုကို အားနည်းသွားစေသည်မမည်ပါ။ သို့မဟုတ် လိုက်လျောခြင်းဟုလည်း သဘောမသက်ရောက်ပါ။ ခိုင်မြဲမှုမရှိခြင်းနှင့် ကန့်သတ်ခြင်းတို့ကသာလျှင် လိုက်လျောမှုကိုဖြစ်စေပြီး ချစ်ခြင်းမေတ္တာနှင့် မြတ်နိုးကြင်နာမှုကြောင့် လိုက်လျောမှုမဖြစ်စေနိုင်ပါ။

မိဘများက ရှေ့တွင်ဖော်ပြခဲ့သော ချစ်ခြင်းမေတ္တာနှင့် စည်းကမ်းသတ်မှတ်မှု နည်းလမ်းများကို ဖြည့်ဆည်းပေးလျှင်သော်မှ ကလေးငယ်က ယှဉ်ပြိုင်အန်တုလိုသော သဘောဖြင့်ဖီဆန်နေဆဲဖြစ်လျှင်မူ မိဘများက ကလေးငယ်အား အပြစ်ပေးရပါမည်။ ထိုသို့သော ဖီဆန်မှုမျိုးကို ချိုးနှိမ်ပြစ်ရပါမည်။ သို့ရာတွင် အမိန့်တစ်ခု သို့မဟုတ် ရှင်းလင်းပြောပြချက်တစ်ခုက ကလေးငယ်၏ ဖီဆန်မှုကို ချေဖျက်နိုင်သည်ဆိုပါက အဘယ်ကြောင့် အပြစ်ပေးတော့မည်နည်း။ ကလေးငယ်အား သူ့အခန်းထဲတွင် ကာလတစ်ခုအထိ နေခိုင်းခြင်းကားသင့်လျော် လုံလောက်ပါသည်။

### သတိထားဆောင်ရွက်ပါ။

ကိုယ်ခန္ဓာအပြစ်ဒဏ်ပေးခြင်း သို့မဟုတ် ရိုက်နှက်အပြစ်ပေးခြင်းကို အသုံးပြုသောအခါ ကျွန်ုပ်တို့အနေဖြင့် ထောင့်စုံဘက်စုံမှ သတိထားဆောင်ရွက်ရပါမည်။ ဦးစွာ ကလေးငယ်က သူဘာကြောင့် အပြစ်ပေးခံရသည်ကို နားလည်သဘောပေါက်ရမည်။ "လူမိုက်" ဟူသောစကားမျိုးသည် ကလေးငယ်၏ မိမိကိုယ်မိမိအထင်ကြီး လေးစားမှုနှင့်သိက္ခာကို ထိခိုက်စေသဖြင့် ထိုစကားမျိုးမသုံးသင့်ပါ။

ဒုတိယအနေဖြင့် ကလေးငယ်၏ ခန္ဓာကိုယ်တွင် ထိခိုက်ဒဏ်ရာရမှု မရှိစေရပါ။

တတိယအချက်မှာ အပြစ်ပေးပြီးသောအခါ မိဘများက ကလေးငယ်အား မျက်လုံးချင်းဆက်သွယ်မှု၊ ခန္ဓာကိုယ်ဆက်သွယ်မှုနှင့် အလေးပေးစူးစိုက်မှုများစွာ ဖြည့်ဆည်းပေးပြီး သူ့အားမိဘများက အမှန်တကယ် ချစ်မြတ်နိုးကြောင်း ပြသရပါမည်။

## အထူးပြဿနာများရှိသည့်ကလေးများ

သင်၏ကလေးငယ်သည် ကိုယ်ခန္ဓာချို့ယွင်းနေသည် တစ်နည်းနည်းဖြင့် ပြဿနာရှိနေသည်ဆိုပါက သင့်အနေဖြင့် ကလေးငယ်အား လစ်လျူရှုစေသော ထိုပြဿနာကို ဖုံးကွယ်မထားပါနှင့်။ လျှို့ဝှက်မထားပါနှင့်။ ကလေးငယ်သည် သင့်ထံမှမည်သည့်အရာနှင့်မျှ နှိုင်းယှဉ်၍မရသော အကြွင်းမဲ့ချစ်ခြင်းမေတ္တာကို လိုအပ်ပါသည်။ အဆိုပါ အကြွင်းမဲ့ချစ်ခြင်းမေတ္တာသည် မည်သည့်ဆေးဝါးကုသမှုမျိုး၊ မည်သည့်ထောက်ပံ့ကူညီမှုမျိုး၊ မည်သည့် ပညာရေးအကူအညီမျိုး၊ မည်သည့်လေ့ကျင့်ခန်းမျိုးထက်မဆို နှိုင်းမရအောင် သာလွန်မြင့်မြတ်ပါသည်။ ကလေးငယ်၏ဘဝတွင် လုံးဝမရှိမဖြစ်လိုအပ်သောအရာမှာ သင့်နှင့်သင်က သူ့အားပေးအပ်သော အကြွင်းမဲ့ ခြွင်းချက်မဲ့ ချစ်ခြင်းမေတ္တာပင် ဖြစ်ပါသည်။ ထိုချစ်ခြင်းမေတ္တာဖြင့် ကလေးငယ်တွင် အင်အားများတိုးပွားလာစေပြီး အခက်အခဲများကို ကျော်လွှားလွန်မြောက်ကာ ဖွံ့ဖြိုးတိုးတက်လာနိုင်ပါလိမ့်မည်။

## စိတ်ဓါတ်မြှင့်တင်ပေးခြင်း

မိဘများက သားသမီးတစ်ဦးအား စိတ်ဓါတ်ခိုင်မာအောင် မြှင့်တင်ပေးလိုပါက ပထမဆုံးအနေဖြင့် ကလေးငယ်၏ စိတ်လှုပ်ရှားခံစားမှုကို ထိန်းသိမ်းစောင့်ရှောက်ပေးရပါမည်။ အဘယ်ကြောင့်ဆိုသော် ကလေးငယ်သည် အကြောင်းအရာ အချက်အလက်များထက် ခံစားမှုများကို ပို၍လွယ်ကူစွာ မှတ်မိလေ့ရှိပါသည်။ အကြောင်းအရာများကို တိုးပွားလာစေသော အထူးသဖြင့် စိတ်ဓါတ်ဆိုင်ရာ အကြောင်းအရာများကို များပြားလာစေသော နှစ်သက်မြတ်နိုးဖွယ် မှတ်ဉာဏ်များရှိကြသောကြောင့် ဖြစ်ပါသည်။

### ထင်ရှားသောအယူအဆလွဲမှားမှုတစ်ရပ်

"ကျွန်တော့သားကို အရာတိုင်းသိအောင်ပြောပြပြီး နောက်မှာတော့ သူ့ကိုယ်ပိုင်ဆုံးဖြတ်ချက် ချတတ်စေချင်တယ်။ ကျွန်တော်ယုံကြည်သလို ယူဆသလို သူမယုံတာကခက်တယ်။ သူ့ကို ဘာသာရေးအမျိုးမျိုး အယူအဆအမျိုးမျိုးကို လေ့လာစေချင်တယ်။ ဒါမှ သူကြီးလာတဲ့အခါ သူ့ဘာသာသူ ကိုယ်ပိုင်ဆုံးဖြတ်ချက် ချတတ်လိမ့်မယ်" ဟူသော လူသိများသည့် ထင်ရှားသည့် လွဲမှားသော အယူအဆတစ်ရပ်ကို ကျွန်ုပ်ဆန်းစစ်ကြည့်လိုပါသည်။

အဆိုပါမိဘသည် ကျွန်ုပ်တို့နေထိုင်ရာ ကမ္ဘာကြီးကို စိတ်ပျက်ပြီး ရှောင်ကြဉ်ခြင်း သို့မဟုတ် လစ်လျူရှုခြင်းပင်ဖြစ်သည်။ ထိုသို့သော အယူအဆမျိုးဖြင့် ပြုစုပျိုးထောင်ခံရသော ကလေးငယ်ကား အလွန်သနားဖို့ကောင်းလှသည်။ ကိုယ်ကျင့်တရားဆိုင်ရာလမ်းညွှန်မှုနှင့် ရှင်းလင်းပီပြင်မှုမရှိဘဲ စိတ်နှင့်စိတ်ဓါတ်ရေးရာ အကြောင်းခြင်းရာများနှင့် ပတ်သက်သောလမ်းညွှန်မှု၊ အမြင်ပီပြင်မှုမရှိဘဲ

ပျိုးထောင်ခံရပါက ထိုကလေးငယ်သည် ဤကမ္ဘာကြီးအပေါ် ရှုတ်ထွေးပြီး တွေဝေယိမ်းယိုင်လာပေလိမ့်မည်။ ဘဝတွင် ပဋိပက္ခများနှင့် ဆန့်ကျင်ဘက် ဝိရောဓိတရားများအတွက် ကျိုးကြောင်းခိုင်လုံသောအဖြေများ ရှိပါသည်။ မိဘများက သားသမီးများကို ပေးနိုင်သော ပထမအမွေတစ်ခုမှာ ကမ္ဘာကြီး/လောကကြီးနှင့် ယင်း၏ ပြဿနာများကို အခြေခံကျကျ နားလည်သဘောပေါက်မှုပင် ဖြစ်ပါသည်။ ဤသို့သော အခြေခံအသိပညာမရှိဘဲ အခြေခံနားလည်သဘောပေါက်မှုမရှိဘဲ "ဒါတွေကို ဖေဖေ/မေမေ ဘာဖြစ်လို့မပြောခဲ့တာလဲ။ ဒါတွေက ဘာဖြစ်လို့လဲ" ဟူသော မေးခွန်းများကို မိဘများအား အော်ဟစ်မေးမြန်းကောင်း မေးမြန်းကြပါလိမ့်မည်။

စိတ်ဓါတ်ပိုင်းဆိုင်ရာ ချဉ်းကပ်မှုအကြောင်းခြင်းရာတစ်ခုမှာ ထောင်သောင်းများစွာသောအုပ်စုများက ဘဝ၏အမေးများ၊ မေးခွန်းများကို ဖျက်ဆီးတတ်သော အပျက်သဘောဆောင်သော မှားယွင်းသောအဖြေများကို ပေးကြပါသည်။

အချို့မိဘများသည် ထောင်ပေါင်းများစွာသော ဒေါ်လာများကိုဖြုန်း၍ ၎င်းတို့၏ သားသမီးများ ပညာရေးတိုးတက်မှုအတွက် နိုင်ငံရေးကိစ္စများတွင် အသုံးပြုကြသည်ကို ကျွန်ုပ်နားမလည်နိုင်အောင် ဖြစ်ရသည်။ ဘဝ၏စိတ်ဓါတ်ရေးရာတိုက်ပွဲနှင့် စစ်မှန်သော ဘဝဒဿနရှာဖွေရေးအတွက် အရေးကြီးဆုံးသော ကြိုတင်ပြင်ဆင်ရေးမှာ ကလေးငယ်အား မိမိကိုယ်မိမိ ခုခံကာကွယ်တတ်ရန် စောင့်ရှောက်တတ်ရန် ပြင်ဆင်ပေးခြင်းပင် ဖြစ်ပါသည်။ သင့်ကလေး၏ စိတ်ဓါတ်ကို ယခုပင်ကြိုတင်ပြင်ဆင်ပေးပါလော့။ သူ၏အနာဂတ်ကား သင့်လက်ထဲတွင်ပင် ရှိနေပါသေးသည်။

* အိုအဘ ဘုရားသခင်
ယှဉ်နိုင်းမရ မြင့်မြတ်လှသော
သာသနာ့အလုပ် အကျွန်ုပ် မတောင်းဆိုဝံ့ပါ အရှင်။
* အကျွန်ုပ်၏ လက်ချောင်းများအကြား
ဆုပ်ထားစရာ လက်တစ်မြွာနှင့်
သာယာမြေ့ချမ်း ပန်းခင်းလမ်းကို
ဝန်းပမ်းတသာ ညွှန်ကာပြရမည့်
ဘဝ၏သည်းချာ သားရတနာတစ်ပါးကိုသာ
ပေးသနားတော်မူပါတော့။
* ဆည်းလည်းပမာ သံသာကြည်ချို
ရွှန်းစိုမျက်ဝန်း သန့်စင်လွန်းသည်
ရွှင်ကြည်မျက်နှာ ရတနာကို
သင်ကာပြသ ဆိုဆုံးမသည့်
ဘဝတာဝန် အလုပ်မှန်ကိုသာ ပေးသနားပါအရှင်။
* ပညာကြီးမား ဝင့်ကြွားဂုဏ်ဒြပ်
လူမြင့်မြတ်တို့အကြား သွားလာကြွားဝါ
မနေပါဘူး အထူးပေးသနား
ဘ ဘုရား၏ သားငယ်ကိုသာ
လက်တွဲကာဖြင့်
သာယာတင့်ဆန်း ကောင်းကင်နန်းမ
တံခါးဝကို လှမ်းကြွဝင်ရောက်ခွင့်ပြုပါ
အိုအဘ ဘုရားသခင်။ ။

(အမည်မသိ စာဆို)